# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 20 November 2022 ၁၀၉၂၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၉၄၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၂၈ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၈ ဦး၊ ကလေးရောဂါ ၅၈ ဦး၊ အရိုးရောဂါ ၁၈၅ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၃၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၇ ဦး စုစုပေါင်း ၉၄၂ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၉

| | |
|---|---|
| ဟားခါး | ၄ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၈ ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၁၀ ဒီဂရီစင်တီဂရိတ် |
| တွန်းဇံ | ၁၀ ဒီဂရီစင်တီဂရိတ် |
| ဟုမ္မလင်း | ၁၀ ဒီဂရီစင်တီဂရိတ် |



**ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်ကြစေဖို့ ကိုယ်လက်လှုပ်ရှားကစားစို့**

ဆောင်းပါး စာမျက်နှာ » ၆



**မြန်မာ့ကမ်းရိုးတန်းများ ဒီရေတောများဖြင့် စိမ်းလန်းနေမှ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးမည်**

ဆောင်းပါး စာမျက်နှာ » ၂၂

### ယနေ့ ဖတ်စရာ

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ » ၃

**မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၁ နှစ်အောက် ကလပ်ပေါင်းစုံ ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ**

စာမျက်နှာ » ၁၈

**ဓာတ်ခွဲနမူနာစုစုပေါင်း ၈၉၂၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀ တွေ့ရှိ**

စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှု လက်မခံ ပြတ်သားစွာကန့်ကွက်

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ အောက်တိုဘာလ ၁၆ ရက်တွင် ကျင်းပခဲ့သည့် (၇၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီ အစည်းအဝေးတွင် "မြန်မာနိုင်ငံရှိ 'ရိုဟင်ဂျာ' ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ အခွင့်အရေးအခြေအနေ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး တစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားသည့် ဆုံးဖြတ်ချက်အဆိုဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် လက်မခံ ကန့်ကွက်ခဲ့သည်။

နိုင်ငံအများပါဝင်သည့် အဆိုပါတတိယကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံက တရားဝင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲချက်များအပေါ်အခြေခံပြီး နိုင်ငံရေးအရအားထုတ်မှုမှာ မည်သို့မျှလက်ခံနိုင်ဖွယ်မရှိပေ။ ကုလသမဂ္ဂအဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတွင် သမာသမတ်ကျရေး၊ ဓမ္မဓိဋ္ဌာန်ကျရေးနှင့် ရွေးချယ်ပစ်မှတ်မထားရေးဟူသည့် မူဝါဒများကိုသွေဖည်၍ နိုင်ငံတစ်နိုင်ငံတည်းအပေါ်တွင် ရည်ရွယ်ချက်ရှိရှိ ဦးတည်ဆောင်ရွက်သည့် ဖန်တီးထားသော ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များကို ထပ်တလဲလဲပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် လက်မခံဘဲ အစဉ်တစိုက်ကန့်ကွက်ပယ်ချခဲ့သည်။

မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက်ဖြင့် အခြေအမြစ်မရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များသည် ယခုမှဆောင်ရွက်ခြင်းမဟုတ်ဘဲ ဥရောပသမဂ္ဂ(EU) နှင့် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများ (OIC) တို့က ကမကထလုပ်ပြီး နှစ်စဉ်တင်သွင်းလေ့ရှိသော မရိုးနိုင်သည့် ရှည်လျားသော ထပ်တလဲလဲ စွပ်စွဲချက်များဖြစ်သည်။ ဆုံးဖြတ်ချက်အဆိုတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကို ပေးအပ်သည့် လက်တွေ့မကျသော လုပ်ငန်းတာဝန်များပါဝင်နေသည်။ ထို့အပြင် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် "IIMM" ဆိုသည့် ယန္တရားအကြား ဆွေးနွေးမှုပြုလုပ်ရန် ထပ်ဆောင်းအစီအစဉ်ဖန်တီးမှုသည် မြန်မာနိုင်ငံအပေါ် တိုးမြှင့်ဖိအားပေးသည့် လုပ်ဆောင်မှုဖြစ်သည်။

အမှန်တကယ်တွင် အဆိုပါဆုံးဖြတ်ချက်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်၏ နောက်ဆက်တွဲဖန်တီးထားသော ပြဿနာဖြစ်သည်။ ဆုံးဖြတ်ချက်တွင် ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များ၏ မူလဇာစ်မြစ်နှင့် မြေပြင်အခြေအနေမှန်များကို ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားသည်။ လက်တွေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ARSA (ခေါ်) Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများနှင့် ကြိုတင်ကြံစည်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှောင်းပိုင်းကာလတွင် အလုံးအရင်းဖြင့် နေရပ်စွန့်ခွာမှုများ စတင်ဖြစ်ပေါ်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များသည် အသိုက်အဝန်းများအား နေရပ်မှစွန့်ခွာထွက်ပြေးရန် တွန်းအားပေးခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တစ်ဖက်နိုင်ငံ ကော့ဇက်ဘဇားရှိ ဒုက္ခသည်စခန်းများတွင် အကြမ်းဖက်သတ်ဖြတ်မှုများ မကြာခဏဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်ပြီး ထိုသို့သော အကြောင်းများသည် နေရပ်စွန့်ခွာသူများ နေရပ်ပြန်လာရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် တုံ့နှေးဝန်လေးနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံအစီအစဉ်များနှင့်အညီ ရခိုင်ပြည်နယ်မှ အမှန်တကယ်နေရပ်စွန့်ခွာသွားသူများအဖြစ် အတည်ပြုနိုင်သူများကို စိစစ်လက်ခံရန်အသင့်ရှိပြီး လက်ခံနိုင်အောင်လည်း ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်သည်။ အခြားနိုင်ငံများနည်းတူ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ကိုက်ညီသူများကို နိုင်ငံသားအဖြစ် စိစစ်ခွင့်ပြုပေးလျက်ရှိသည်။ သို့သော် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့်အခါမျှမရှိခဲ့သော "ရိုဟင်ဂျာ"ဆိုသည့်အသုံးအနှုန်းကို အသိအမှတ်ပြုလက်ခံလိမ့်မည်မဟုတ်ချေ။

ရခိုင်ပြည်နယ်အရေးကိစ္စကို သေချာစွာလေ့လာကြည့်လျှင် နိုင်ငံအချို့က ဓနအင်အားနှင့်မီဒီယာအားကိုအသုံးချ၍ မြန်မာနိုင်ငံတွင် တည်ငြိမ်မှုပျက်ပြားစေရန် ဖန်တီးနေခြင်းဖြစ်သည်။ ကုလသမဂ္ဂကို အသုံးချ၍ နိုင်ငံရေးအရ သွတ်သွင်းနေခြင်းသာဖြစ်သည်။ အကြမ်းဖက်အဖွဲ့များဖြစ်သည့် ARSA၊ NUG နှင့် PDF အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချရန် ပျက်ကွက်ခဲ့ပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို မျက်ကွယ်ပြုထားသည်။ သို့ဖြစ်ရာ တရားမျှတမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် လက်တွေ့ကျမှုမရှိဘဲ အမုန်းတရားနှင့်ပဋိပက္ခများကို ပိုမိုဖြစ်ပွားစေသည့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်သည့် ဆုံးဖြတ်ချက်အဆိုမှန်သမျှကို မြန်မာနိုင်ငံအနေဖြင့် လက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ရှုတ်ချပါကြောင်း။ ။




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။




ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွတ်စံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိမဟာသုဒဿနာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မူလသစ်စိမ့်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာကုသိုလ်တော်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ပဒံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မေတ္တာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း စတင်ဆောင်ရွက်

**ကျိုက်ထို နိုဝင်ဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျိုက်ထိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ကွင်းကလေးကျေးရွာ ရွာတွင်းလမ်းဂဝံခင်းခြင်း ပေ ၂၅၀၀ x ၁၄ ပေ ကိုးလက်မနှင့် သံတံတားကျေးရွာ ရွာတွင်းလမ်းဂဝံခင်းခြင်း ပေ ၂၅၀၀ x ၁၄ ပေ x ကိုးလက်မ လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက နိုဝင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာကော်မတီဝင်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လမ်းများရာနှုန်းပြည့်ပြီးစီးပါက သံဃာတော်များ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာနေပြည်သူများ သွားလာရအဆင်ပြေမည်ဖြစ်ပြီး ကျေးရွာထွက်ကုန်စည်များ ပိုမိုလျင်မြန်စွာ ဈေးကွက် အရောက်ပေးပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၅ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၁၉ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | |
|---|---|
| ၁။ H.E. Army General Sergey Kuzhugetovich Shoigu | Minister of Defence<br>Russian Federation |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | |
|---|---|
| ၁။ Colonel General Alexander Vasilyevich Fomin | Deputy Minister of Defence<br>Russian Federation |
| ၂။ H.E. Mr. Hideo Watanabe | Chairman<br>Japan – Myanmar Association |
| ၃။ ဦးကဝိဇ | ဖွဲ့ကပင်ကျောင်းတိုက်ဆရာတော်၊<br>တော်ပုံကျေးရွာ၊ ကရင်ပြည်နယ် |
| ၄။ ဦးသာထူးကျော် | ဥက္ကဋ္ဌ(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး |
| ၅။ ဦးကျော်သန်း | စစ်ဦးစီးချုပ်(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး |
| ၆။ ဗိုလ်မှူးကြီး စောထွန်းလှိုင် | ဥက္ကဋ္ဌ(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်<br>ကွပ်ကဲရေးအဖွဲ့ |
| ၇။ စောဖားနွီး | ဒုတိယဥက္ကဋ္ဌ(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်<br>ကွပ်ကဲရေးအဖွဲ့ |
| ၈။ စောပြားပြား | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်<br>အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်<br>ကွပ်ကဲရေးအဖွဲ့ |
| ၉။ စောမောင်ကြည် | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်<br>အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်<br>ကွပ်ကဲရေးအဖွဲ့ |
| ၁၀။ ဗိုလ်မှူးကြီး စောချစ်သူ | အတွင်းရေးမှူး(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်<br>ကွပ်ကဲရေးအဖွဲ့ |
| ၁၁။ ဒုတိယဗိုလ်မှူးကြီး ကျော်ထူး | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်<br>အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်<br>ကွပ်ကဲရေးအဖွဲ့ |
| ၁၂။ ဒုတိယဗိုလ်မှူးကြီး စောဒေါ်ဒေါ် | နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်<br>ကွပ်ကဲရေးအဖွဲ့<br>ဟောင်သရောအထူးဒေသ |
| ၁၃။ ဒေါက်တာတင်မိုးသီ | ငြိမ်းချမ်းရေးအကျိုးတော်ဆောင် |
| ၁၄။ ဦးယွတ်ဇော်ခေါင် | အဖွဲ့ခေါင်းဆောင်<br>Peace Talk Creation Group |
| ၁၅။ ဦးလမိုင်ခွန်ဂျာ | အဖွဲ့ဝင်၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>Peace Talk Creation Group |
| ၁၆။ ဦးစခုန်တိန့်ယိန်း | ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>New Democratic Army – Kachin |
| ၁၇။ ဒေါက်တာဆာဘွဲ့ဂျမ် | နာယက၊ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>(ငြိမ်းဖောင်ဒေးရှင်း) |
| ၁၈။ သိက္ခာတော်ရဆရာတော်<br>ဆိုတေးရိုဖမော | ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>လှိုင်ကော်ကက်သလစ်သာသနာဂိုဏ်းအုပ်(ငြိမ်း) |
| ၁၉။ ဦးဝိစိတ္တာဘိဝံသ(ခ)ဦးဝီရသူ | နာယကဆရာတော်<br>မစိုးရိမ်တိုက်သစ်၊ ဓမ္မသဟာယကျောင်းတိုက်၊<br>မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀။ ဦးပညာသာမိ | နာယကချုပ်<br>တောင်ကလေးပရိယတ္တိစာသင်တိုက်၊<br>ဘားအံမြို့၊ ကရင်ပြည်နယ် |
| ၂၁။ ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ<br>ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၂၂။ ဒေါက်တာအေးမောင် | ဥက္ကဋ္ဌ<br>ရခိုင့်ဦးဆောင်ပါတီ |
| ၂၃။ ဦးခွန်ထွန်းလူ(ခ) ဒီကီ | ဥက္ကဋ္ဌ<br>"ဝ"အမျိုးသားပါတီ |
| ၂၄။ ဦးစံကျော်လှ | ဗဟိုအလုပ်အမှုဆောင်<br>ရခိုင်အမျိုးသားပါတီ |
| ၂၅။ ဦးရွှေမင်း(ခ) ဆီဖာလာလူး | ဥက္ကဋ္ဌ<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>(ဒူးလေးပါတီ) |
| ၂၆။ ဦးသုဝေ | ဥက္ကဋ္ဌ<br>ဒီမိုကရက်တစ်ပါတီ(မြန်မာ) |
| ၂၇။ ဦးသိမ်းဝေ | ဥက္ကဋ္ဌ<br>ရိုးမဘဏ်(YOMA Bank) |
| ၂၈။ ဦးဇော်ဝင်းရှိန် | ဥက္ကဋ္ဌ<br>ရှေ့ဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်<br>(A Bank) |
| ၂၉။ ဦးဇော်မင်းဝင်း | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်<br>(UMFCCI) |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | |
|---|---|
| ၁။ ဒေါက်တာရင်ရင်နွယ် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏<br>အကြံပေးအဖွဲ့ |
| ၂။ ဒေါ်ယဉ်ယဉ်ဦး | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏<br>အကြံပေးအဖွဲ့ |
| ၃။ ဒေါက်တာဆလိုင်းငွန်ကျုံးလျန် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏<br>အကြံပေးအဖွဲ့ |
| ၄။ ဒေါ်ခင်ဦးလှိုင် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏<br>အကြံပေးအဖွဲ့ |
| ၅။ ဗိုလ်မှူးကြီးထိန်လင်း(ငြိမ်း) | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏<br>အကြံပေးအဖွဲ့ |
| ၆။ ဦးစစ်အေး | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ ဒေါ်ခင်မျိုးမြင့် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ ဦးဉာဏ်ထွန်း | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ ဦးသန်းကျော် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

| | |
|---|---|
| ၁။ Mr. Alexander Vladimirovich OSTROVSKY | Expert<br>Federal Service for Military –Technical<br>Cooperation(FSMTC) Russian Federation |

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

| | |
|---|---|
| ၁။ ဦးရဲမိုး(ခ)နေရီ | စာရေးဆရာ/ Journalist |

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vitaly Saveliev ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သော (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် Transport Week 2022 ပြပွဲသို့ တက်ရောက်ခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့သို့ ရောက်ရှိစဉ်အတွင်း နိုဝင်ဘာ ၁၆ ရက်တွင် မီးရထားစက်ခေါင်း၊ တွဲများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုအရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ ဆွေးနွေးပွဲ၊ မောင်းသူမဲ့လေယာဉ်များကို မြို့တွင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးပြုခြင်းဆိုင်ရာဆွေးနွေးပွဲများကို တက်ရောက်ခဲ့ပြီး ရန်ကုန်–ဗလာဒီဗော့စတော့၊ ရန်ကုန်– နိုဗိုစီဗစ်၊ ရန်ကုန်– ကရာနိုရက်စ် နှစ်ဖက်လေကြောင်းခရီးစဉ်များ ပျံသန်းနိုင်ရေး မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်များအကြား သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းအခမ်းအနားများကို တက်ရောက်ခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Igor Petrovich Chalik နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု စုံညီဆွေးနွေးပွဲ (International Transport Cooperation in 2022) သို့ တက်ရောက်ခဲ့ပြီး Transport Week ကာလအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

နှစ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနများအကြား တွေ့ဆုံမှုအစီအစဉ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်က ရထားပို့ဆောင်ရေးဆိုင်ရာ တည်ဆောက်၊ ပြုပြင်၊ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာကဏ္ဍများတွင် အတွေ့အကြုံရင့်ကျက်သည့် ကျွမ်းကျင်ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများစွာရှိသဖြင့် မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အကူအညီများပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံဘက်က ရန်ကုန်မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြို့ကြီးသုံးမြို့တို့အကြား လေယာဉ်ခရီးစဉ်များ ပြေးဆွဲရေးကို အထောက်အကူပြုနိုင်ရန်အတွက် နှစ်နိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်များအကြား သဘောတူညီချက်ကို ယနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Myanmar Airways International (MAI) ကလည်း နှစ်နိုင်ငံအကြားခရီးစဉ်များကို ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ပြေးဆွဲရန် အဆိုပြုလွှာတင်ပြထားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ရထားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု စုံညီဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ဒေသတွင်း အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ခွင့်ပြုပေးနိုင်သည့်လုပ်ငန်း/နယ်ပယ်အများအပြားရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရထားလမ်းကွန်ရက်အောက်တွင် တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများနှင့် မီးရထားလမ်းပိုင်းများ ချိတ်ဆက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကားလမ်းကွန်ရက်ဆက်သွယ်မှုအတွက် အာရှလမ်းမကြီး၊ အာဆီယံလမ်းမကြီး၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံလမ်းမကြီးတို့ကို ဖော်ဆောင်လျက်ရှိကြောင်း၊ တစ်ဆက်တည်းတွင် အာဆီယံ၊ ဘင်းမ်စတက်နှင့် ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်စည်နှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအား နှစ်နိုင်ငံအကြား လွယ်ကူချောမွေ့စေရေးနှင့် တစ်ပြေးညီဖြစ်စေရေး၊ ဘက်စုံပို့ဆောင်မှု မြှင့်တင်အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့် ရုရှားဆက်သွယ်နိုင်ရေးအတွက် မြောက်–တောင် အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးစင်္ကြံ (North–South Transport Cooridor) ဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ စွမ်းရည်ရှိသော ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်က ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရင်းနှီးကျွမ်းဝင်သောဆက်ဆံမှုကို ပေးစွမ်းနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် Transport Week သို့ နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ကိုယ်စားလှယ် ၁၆၀ ခန့်နှင့် ရုရှားနိုင်ငံမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်း/အဖွဲ့အစည်းများနှင့် လေ့လာသူများ စုစုပေါင်း ၁၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ရုရှား–မြန်မာ နှစ်နိုင်ငံအကြား လေကြောင်းဆက်သွယ်မှုအပါအဝင် ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ Saint Petersburg ရှိ Nuclear Technology Information Center၊ Peter the Great St. Petersburg Polytechnic University နှင့် Hermitage Museum တို့ကို သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် Saint Petersburg ရှိ Nuclear Technology Information Center သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ မြန်မာနိုင်ငံတွင် နျူကလီးယားပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု ယုံကြည်စိတ်ချလက်ခံနားလည်သဘောပေါက် သိမြင်လာနိုင်စေရေး အတွက် ရန်ကုန်မြို့၌ Nuclear Technology Information Center တည်ထောင်ဖွင့်လှစ်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နျူကလီးယားနည်းပညာပြန်ကြားရေးဌာနသို့ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ယာနစ်ချင်ကာက ကြိုဆိုနှုတ်ဆက်ပြီး အစည်းအဝေးခန်းမတွင် Nuclear Technology Information Center မှ ပြည်သူလူထုအတွက် အသိပညာပေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Nuclear Technology Information Center အတွင်း ပြသထားသည့် ပုံစံငယ်များ၊ Virtual Reality digital နည်းပညာဖြင့် ခင်းကျင်းပြသမှုများ၊ စွမ်းအင်များကို အကျိုးရှိရှိ ထိရောက်စွာထုတ်လုပ်မှုများ၊ နျူကလီးယားနည်းပညာ၏ လူသားနှင့် ပတ်ဝန်းကျင်အပေါ် မထိခိုက်စေဘဲ အကျိုးပြုမှုများနှင့် သတင်းအချက်အလက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အသေးစိတ် လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Peter the Great St. Petersburg Polytechnic University သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ရုဒ်စကွိုင် အန်ဒရယ်အိက ကြိုဆိုနှုတ်ဆက်ပြီး အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုသင်တန်းများ၊ ကျွမ်းကျင်မှုလက်ဆင့်ကမ်းသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ၊ Student exchange နှင့် Faculty exchange အစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ တက္ကသိုလ်အတွင်း သင်ကြားသင်ယူနေမှုများနှင့် လက်တွေ့ဆောင်ရွက်နေမှုများ၊ သုတေသနစီမံကိန်းများကို လှည့်လည်ကြည့်ရှုကာ သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ တက္ကသိုလ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀ ကျော်ခန့်က စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်ကာ၊ နိုဘယ်လ်ဆုရ သိပ္ပံပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အပြင် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်မှုပြည့်ဝသည့် သိပ္ပံနှင့် နည်းပညာနယ်ပယ်စုံ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် အင်ဂျင်နီယာများကို ပြုစုပျိုးထောင်ပေးနေသည့် တက္ကသိုလ်ဖြစ်သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Hermitage Museum အတွင်း ခင်းကျင်းပြသထားသည့် သမိုင်းဝင်အနုပညာလက်ရာ အမွေအနှစ်များနှင့် မှတ်တမ်းများကို ကဏ္ဍအလိုက် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးအောင်ကျော်ဇံ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ကျော်ဇံသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဘရာဇီးလ်နိုင်ငံသမ္မတရုံး၌ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ ဒုတိယသမ္မတ အန်တိုနီယိုဟမျူတို မာချင်းစ် မော်ရီ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ သံအမတ်ကြီးနှင့်အတူ မက္ကဆီကို၊ ဒိန်းမတ်၊ ဖင်လန်၊ နီပေါ၊ အာဂျင်တီးနား၊ အဇာဘိုင်ဂျန်နှင့် အိုမန်နိုင်ငံတို့မှသံအမတ်ကြီးများလည်း ၎င်းတို့၏ခန့်အပ်လွှာများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော် သွားရောက်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိကာ အရှေ့ပိုင်းမင်းခန်းတော်ဆောင်များ၊ မိဖုရားဆောင်များ၊ အနောက်ပိုင်း မင်းခန်းတော်ဆောင်များ၊ နန်းတွင်းကျောက်စာရုံ (၁)၊ (၂)၊ အမြောက်ပြတိုက်၊ နန်းမြင့်မျှော်စင်နှင့် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့၏ ဂူဗိမာန်တော်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြနန်းစံကျော်ရွှေနန်းတော်သည် ကုန်းဘောင်ခေတ်၏ နောက်ဆုံးနန်းတော်ကြီးဖြစ်ကြောင်း၊ မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို သက်သေဖော်ညွှန်းရာ မြန်မာတို့၏ အမွေအနှစ်အစစ်အမှန်ဖြစ်သော၊ သမိုင်းတန်ဖိုး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တန်ဖိုး၊ ဗိသုကာနှင့် အနုလက်ရာတန်ဖိုးများပြည့်ဝသော နန်းတော်ကြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဝန်ထမ်းများ သာမက မြန်မာနိုင်ငံသားအားလုံး မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက အမျိုးသားဇာတ်ရုံ(မန္တလေး)၌ အများပြည်သူတို့ကို တင်ဆက်ကပြမည့် “အသက်ထက်မြတ်သော ဂုဏ်သိက္ခာ”ကဇာတ်ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးသည်။

အဆိုပါကဇာတ်သည် ပြည်တွင်းအင်အားဖြင့် ဖြေရှင်းနိုင်သောကိစ္စကို တိုင်းတစ်ပါးအားကိုးဖြင့် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာဖောက်၍ မှားယွင်းပြုမူခဲ့သော အမှုကိစ္စအတွက် မျက်မှောက်ခေတ် အခြေအနေနှင့်ထင်ဟပ်၍ သင်ခန်းစာယူတတ်ကြစေရန် ဖြစ်ရပ်မှန် သမိုင်းနောက်ခံ တင်ဆက်ဖျော်ဖြေသော ကဇာတ်ဖြစ်၍ နေပြည်တော်တွင် နှစ်ကြိမ်ဖျော်ဖြေတင်ဆက်ခဲ့ပြီး ယခုမန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် နှစ်ကြိမ် ထပ်မံဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်းနှင့် အခြားနေရာများတွင်လည်း ဖျော်ဖြေတင်ဆက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူး - ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# အခြေခံပညာစာသင်ကျောင်းများ၌ စနေအထူးလုပ်အားပေးဆောင်ရွက်နေမှု ဒုတိယမြို့တော်ဝန် ကွင်းဆင်းကြည့်ရှုအားပေး

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အခြေခံပညာစာသင်ကျောင်းများ၌ စနေအထူးလုပ်အားပေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် ကျောက်ကုန်းလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် (၅)လမ်းနှင့် (၆)လမ်းအကြား အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း၊ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် မလွှကုန်းလမ်းရှိ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၊ ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် သဘော်ာ



ကျင်းလမ်းရှိ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းနှင့် သာကေတမြို့နယ် (၁၀)ရပ်ကွက် (၇) ဈေးလမ်းရှိ အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်းတို့၌ သန့်ရှင်းသာယာသပ်ရပ်စေရန် စနေအထူးလုပ်အားပေးဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းများအတွင်း အမှိုက်၊ မိလ္လာရေဆိုးများမှ အနံ့ဆိုးများ ကင်းစင်စေရန်၊ ပိုးမွှားများပေါက်ပွားမှုမရှိစေရန်နှင့် ကျန်းမာရေးအထောက်အကူပြုနိုင်ရန် သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ဇီဝသဘာဝအနံ့ဆိုးပျောက် ပိုးမွှားကင်းစင်ဆေးအနောက်၊ အကြည်နှင့် အမှုန့်တို့ကိုပေးအပ်၍ အသုံးပြုနည်းကို မှာကြားပြသပေးသည်။

အဆိုပါကျောင်းများတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ခြင်ဆေးမှုတ်ခြင်း၊ ကျောင်းများရှိ ရေစည်၊ ရေကန်များ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်နေမှုကို သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးများကလည်း ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

# ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်ကြစေဖို့ ကိုယ်လက်လှုပ်ရှားကစားစို့

ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

လူ့ဘဝတွင် အသက်ရှင်သန် နေထိုင်ရစဉ်အတွင်း ကျန်းမာစွာနေထိုင်ရခြင်း၏တန်ဖိုးသည် အလွန်ကြီးမားလှပါသည်။ လူသားတို့သည် အများအားဖြင့် ကျန်းမာခြင်း၏တန်ဖိုးကို နေထိုင်မကောင်းဖြစ်ချိန်၊ ရောဂါဘယထူပြောလာချိန်မှသာ သိရှိလာတတ်ပါသည်။ ကျန်းမာခြင်း၏တန်ဖိုးရှိမှုအပေါ် အမှတ်တမဲ့ထားလေ့ရှိကာ သတိမမူကြဘဲ ဖျားနာပြီး ရောဂါဘယဖြစ်ပွား၍ မထနိုင်မသွားနိုင်၊ မစားနိုင် မသောက်နိုင်ဖြစ်ချိန်မှ ကျန်းမာခြင်း၏ တန်ဖိုးရှိပုံကို သတိရကြသည်။ ရခဲလှသော လူ့ဘဝတွင် လူဖြစ်ရကျိုးနပ်စေရန်၊ လူဖြစ်မရှုံးစေရန် အခြေခံလိုအပ်သည့် ကျန်းမာရေးကောင်းမွန်ခြင်း၊ ကြံ့ခိုင်သွက်လက်ခြင်းတို့ကို ရရှိပိုင်ဆိုင်နိုင်ရန် လိုအပ်ပါသည်။ ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်မှသာလျှင် လောကီအလုပ်၊ လောကုတ္တရာအလုပ်များကို ပေါက်မြောက်အောင်မြင်အောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

**အခြေခံအချက်မှာ ကာယဗလပင်ဖြစ်**

ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလတည်းဟူသော ဗလငါးတန်တွင် အခြေခံအချက်မှာ ကာယဗလပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားတို့ မကျန်းမာလျှင် ထိုနိုင်ငံသားများ၏ ကြီးပွားရေး၊ စီးပွားရေး၊ လူမှုရေးများမှ အစပြု၍ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများ၊ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့တွင် ထိရောက်စွာ ကြိုးစားပြုလုပ်နိုင်ကြမည်မဟုတ်ပေ။ အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်ဟူသော စကားလည်းရှိပါသည်။ မိမိအသက်ခန္ဓာ၏ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းအတွက် မိမိ၏ဉာဏ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူသားတို့အတွက် အခြေခံကျပြီး အရေးကြီးသော ကျန်းမာရေးကို မိမိတို့ကိုယ်တိုင် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းမွန်ပါသည်။ ထိုစကားအတိုင်း ရောဂါမဖြစ်ခင်က ကြိုတင်ကာကွယ်မှုပြုကြရပေမည်။ လိုအပ်သော ကြိုတင်ကာကွယ်မှုများမှာ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ခြင်း၊ အိမ်တွင်းအိမ်ပြင် ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ပြုလုပ်ခြင်း၊ အမှည့်လွန်သော အစားအစာများနှင့် ယင်နားစာများကို မစားသုံးခြင်း၊ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါး စသည်တို့ကို ရှောင်ကြဉ်ခြင်းတို့ပင်ဖြစ်သည်။ ထို့ပြင် အာဟာရဖြစ်စေသည့် အစားအစာများကို စည်းကမ်းတကျ စားသောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို ပုံမှန်ပြုလုပ်ပေးခြင်းသည် ကျန်းမာကြံ့ခိုင်သောဘဝကို တည်ဆောက်ခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးအများစုတွင် အထူးသဖြင့် အသက်ငါးဆယ်ကျော်ပုဂ္ဂိုလ်များ ပြောလေ့ရှိသောစကားရှိသည်။ “ငါတော့ အသက်အရွယ်လေးရလာပြီ ကျန်းမာရေးလိုက်စားဦးမှပါ” ဟူ၍ဖြစ်သည်။ အသက်ကြီးမှ ကျန်းမာရေးလိုက်စားရမည်ဟူသော အတွေးမှားအမြင်မှားသည် လူအများစုတွင် စွဲကပ်နေကြသည်။ အမှန်မှာ ငယ်ရွယ်စဉ်ကတည်းကပင် ကိုယ်လက်လှုပ်ရှားခြင်း၊ အားကစားတစ်ခုခုကို ပုံမှန်ပြုလုပ်ခြင်း၊ အနေအထိုင်နှင့် အစားအသောက်ဆင်ခြင်ခြင်းတို့ကို ပြုလုပ်သွားမှသာ အသက်အရွယ်ကြီးရင့်သည်အထိ ကျန်းမာရေးကောင်းမွန်နိုင်မည်ဖြစ်သည်။



တောင်ကြီးမြို့၌ ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

**အလွယ်တကူပြုလုပ်နိုင်သော အားကစားနည်း**

လူသားတိုင်း ကျန်းမာကြံ့ခိုင်စေရန်၊ အနာရောဂါကင်းရှင်းစေရန်၊ အသက်ရှည်နုပျိုရန်အတွက် ကျွန်ုပ်တို့သည် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်း၊ ကစားခုန်စားခြင်းတို့ကို ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။ ကျန်းမာရေးအတွက် နေ့စဉ် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရာတွင် လူတိုင်းအတွက် အဆင်ပြေသော၊ အလွယ်တကူပြုလုပ်နိုင်သော အားကစားနည်းမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ဆင်းရဲချမ်းသာမရွေး၊ လူတန်းစားမရွေး အလွယ်တကူပြုလုပ်နိုင်သော အားကစားနည်းပင်ဖြစ်သည်။ လမ်းလျှောက်ရင်းဖြင့် သွေးပူလေ့ကျင့်ခန်း၊ အသက်ရှူလေ့ကျင့်ခန်းများကို ပေါ့ပေါ့ပါးပါး ပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်မှသာ သွေးလည်ပတ်မှုကောင်းမွန်ခြင်း၊ အကြောအခြင်များ၊ အရိုးအဆစ်များ လှုပ်ရှားမှုရှိခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ရခြင်း၊ ကိုယ်စိတ်ပေါ့ပါးလန်းဆန်းခြင်း၊ ခန္ဓာကိုယ်အလေးချိန်လျှော့ချနိုင်ခြင်း စသည်ဖြင့် များစွာသောကောင်းကျိုးများကို ရရှိနိုင်မည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားကလည်း တရားအားထုတ်ရာတွင် စင်္ကြံလျှောက်၍ အားထုတ်နိုင်ကြောင်းကို ညွှန်ပြခဲ့ပါသည်။

နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ခြေသလုံးကြွက်သားများ ပိုမိုသန်မာလာစေပါသည်။ ခြေသလုံးကြွက်သားနှင့် နှလုံးသည် ဆက်နွယ်မှုရှိပါသည်။ ခြေသလုံးကြွက်သားသန်မာလေ နှလုံးအားကောင်းလေဖြစ်သည်။ တစ်နည်းအားဖြင့် လမ်းလျှောက်ခြင်းကြောင့် နှလုံးရောဂါထိခိုက်မှုအန္တရာယ်ကို လျှော့ချပေးနိုင်ပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှုကို လျှော့နည်းစေပြီး ခန္ဓာကိုယ်တွင်းမှ ကိုလက်စထရောအဆီများကိုလည်း လောင်ကျွမ်းစေပါသည်။ နံနက်စောစောလမ်းလျှောက်ပြီး အသက်ရှူခြင်း၊ သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခြင်းကြောင့် လူတစ်ယောက်သည် သူ၏အလုပ်၊ မိသားစုအတွက်၊ တစ်နေ့တာအတွက် လန်းဆန်းတက်ကြွနေပြီး လုပ်ငန်းတာဝန်များကို အကောင်းဆုံးလုပ်ဆောင်နိုင်မည်ဖြစ်သည်။

**ဝါသနာထုံလာရန်လှုံ့ဆော်မှုများဆောင်ရွက်**

ကျန်းမာကြံ့ခိုင်စေရန်အတွက် ကိုယ်လက်လှုပ်ရှား အားကစားနည်းများတွင် လမ်းလျှောက်ခြင်းအပြင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဝိုင်းခြင်း၊ ဘတ်စကက်ဘော၊ စက်ဘီးစီး၊ ရေကူး၊ အပြေး၊ လက်ဝှေ့၊ ရိုးရာသိုင်းပညာ စသည်ဖြင့် ခန္ဓာကိုယ်လှုပ်ရှား၍ ဆောင်ရွက်ရသော အားကစားနည်းမျိုးစုံပါဝင်သည်။ ယနေ့ခေတ်တွင် ပိုမိုတွင်ကျယ်လာသော အားကစားခန်းမ (Body Fitness Center)များသည်လည်း နေရာနှင့် အချိန်ကန့်သတ်ချက်ရှိသောသူများအတွက် ကဏ္ဍတစ်ခုအနေဖြင့် အထောက်အကူပြုနေပါသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးလိုက်စားခြင်းအလေ့အထကို ဝါသနာထုံလာရန်နှင့် စွဲမြဲလာစေရန် လှုံ့ဆော်မှုများကို ဆောင်ရွက်ရမည်ဖြစ်သည်။ နေ့စဉ် ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေပြီး ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း၊ သက်တမ်းစေ့နေနိုင်ခြင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နည်းအမျိုးမျိုးဖြင့် အထောက်အကူပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင် စက်ဘီးစီးခြင်း၊ ခပ်သွဲ့သွဲ့ပြေးခြင်း၊ အေရိုးဗစ်ကစားခြင်း၊ ခပ်သွက်သွက်လမ်းလျှောက်ခြင်းကဲ့သို့ မပြင်းထန်သော လေ့ကျင့်ခန်းများကို နေ့စဉ် နာရီဝက်ခန့် ပြုလုပ်ပေးပါက ချွေးထွက်၍ ခန္ဓာကိုယ်တွင်းမှ အပူအပုပ်များထွက်ခြင်း၊ သွေးကြောများပွင့်၍ သွေးလည်ပတ်မှု ပိုမိုကောင်းမွန်ခြင်း၊ ကြွက်သားများနှင့် အရိုးအဆစ်များသန်မာခြင်း၊ အဆီကျစေခြင်း၊ အဆုတ်နှင့် နှလုံးကောင်းမွန်စေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ဆီးချိုရောဂါသည်များအတွက် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းသည် ဆေးသောက်ခြင်းထက် ပိုမိုကောင်းမွန်ကြောင်း၊ လမ်းလျှောက်ခြင်း၊ ကခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ လှေကားထစ်တက်ခြင်းနှင့် လက်ထောက်တွန်းတင်ပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်ပေးသင့်ကြောင်း ဆရာဝန်များက အကြံပြုထားပါသည်။ **စာမျက်နှာ ၇ သို့** ☆

> **နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ခြေသလုံးကြွက်သားများ ပိုမိုသန်မာလာစေပါသည်။ ခြေသလုံးကြွက်သားနှင့် နှလုံးသည် ဆက်နွယ်မှုရှိပါသည်။ ခြေသလုံးကြွက်သားသန်မာလေ နှလုံးအားကောင်းလေဖြစ်သည်။ တစ်နည်းအားဖြင့် လမ်းလျှောက်ခြင်းကြောင့် နှလုံးရောဂါထိခိုက်မှုအန္တရာယ်ကို လျှော့ချပေးနိုင်ပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှုကို လျှော့နည်းစေပြီး ခန္ဓာကိုယ်တွင်းမှ ကိုလက်စထရောအဆီများကိုလည်း လောင်ကျွမ်းစေပါသည်။ နံနက်စောစောလမ်းလျှောက်ပြီး အသက်ရှူခြင်း၊ သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခြင်းကြောင့် လူတစ်ယောက်သည် သူ၏အလုပ်၊ မိသားစုအတွက်၊ တစ်နေ့တာအတွက် လန်းဆန်းတက်ကြွနေပြီး လုပ်ငန်းတာဝန်များကို အကောင်းဆုံး လုပ်ဆောင်နိုင်မည်**

# (၁၀၄)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် (၁၀၄) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယကဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များ၊ နိဗဒ္ဓသံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စာလျှောက်မေးပွဲ ဝင်ရောက်ဖြေဆိုရန် ကြွရောက်တော်မူလာကြသည့် စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ဒေါ်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဒေါ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဘိုးသင်းက အဖွင့်စကားပြောကြားထားသည်။

ထို့နောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ (ဝဋ္ဋသကာ)ပါဠိပါရဂူ၊ ဘဒ္ဒန္တနာရဒါဘိဝံသ ထံမှ စာလျှောက်မေးပွဲနှင့်စပ်လျဉ်း၍ ဩဝါဒခံယူကြသည်။

စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၄၅ ခုနှစ် (၆၇) ကြိမ်မြောက်ကာလမှစ၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က တာဝန်ယူကျင်းပခဲ့ရာ ယခုဆို (၁၀၄)ကြိမ်မြောက် ရှိပြီဖြစ်သည်။

ယခင် (၁၀၃)ကြိမ်မြောက် စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းမှ သုံးပါးနှင့် သီးခြားစာသင်တန်းမှ နှစ်ပါး စုစုပေါင်းသံဃာတော်ငါးပါးတို့ အောင်မြင်တော်မူခဲ့ကြသည်။ ယခုနှစ် (၁၀၄)ကြိမ်မြောက် စာလျှောက်မေးပွဲကို ယနေ့မှ နိုဝင်ဘာ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ သီးခြားစာချတန်း၌ အပါး ၃၀၊ သီးခြားစာသင်တန်းမှ ၁၈၉ ပါး စုစုပေါင်း ၂၁၉ ပါးတို့ စာရင်းပေးသွင်းထားကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၉**

ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ခေတ်မီစံပြကျေးရွာစီမံကိန်းလုပ်ငန်းများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေသဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့သည် ပင်းတယမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော ၅၈ x ၅၃ x၂၄ ပေ RC နှစ်ထပ်ရုံးအဆောက်အအုံဆောက်လုပ်နေမှုနှင့် ပွေးလှ-တမဲ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဒေသဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ခေတ်မီစံပြကျေးရွာ (SMART Village) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ပင်းတယမြို့နယ် ကျားကုန်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေသဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့သည် ခေတ်မီစံပြကျေးရွာအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်စီးပွားမြှင့်တင်ရေးရန်ပုံငွေ (RBF)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဝက်မွေးမြူရေးလုပ်ငန်း၊ အာလူးကြော်လုပ်ငန်းနှင့် နွားမွေးမြူရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရေးအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။

ယင်းနောက် အိမ်ခြေ ၁၄၄ အိမ်၊ လူဦးရေ ၆၈၄ ဦး၊ စိုက်ပျိုးဧက ၄၀၀ အတွက် အကျိုးပြုစေမည့် အရှည်တစ်မိုင် နှစ်ဖာလုံရှိသော ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သော လေးအိမ်ကုန်းကျေးရွာ ကုန်ထုတ်လမ်းကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ပေးမည့် ကုန်ထုတ်လမ်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်နေသော ညောင်ရွှေမြို့နယ် မြင့်မိုရ်နန်း စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းအား ကြည့်ရှုလေ့လာရာ လုပ်ငန်းရှင်၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အေးသာယာစက်မှုဇုန်ရှိ တောင်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင် မြမန္တလာဆီစက်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဆီစက်အတွက်လိုအပ်သော ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးပြည့်မီသော ဆီများထုတ်လုပ်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

ကိုယ်လက်လှုပ်ရှားမှုသည် ရောဂါကုထုံးတစ်ခုဖြစ်သကဲ့သို့ လူငယ်လူရွယ်များ၊ လူလတ်နှင့် လူကြီးများအတွက်လည်း ရောဂါကာကွယ်ရေး လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ခြင်းဖြင့် ပျော်ရွှင်ဖွယ်မိသားစုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ပြင် မလိုလားအပ်သော ဆေးကုသမှုကုန်ကျစရိတ်များ၊ စိတ်ဆင်းရဲရမှုများကိုလည်း ရှောင်လွှဲနိုင်မည်ဖြစ်သည်။ လူမမာရှိသောအိမ်များ၊ မိသားစုဘဝများသည် အပြည့်အဝမပျော်ရွှင်နိုင်ကြသည်ကို ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် တွေ့နိုင်ပါသည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းသည် ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကိုပါ ကျန်းမာကြံ့ခိုင်စေခြင်း၊ ပျော်ရွှင်ဖွယ်လူမှုဘဝကို ပိုင်ဆိုင်စေခြင်း၊ ငွေကုန်ကျမှုများကို ကြိုတင်ကာကွယ်ခြင်းနှင့် ဘဝအောင်မြင်ရေးတို့အတွက် များစွာအထောက်အကူပြုကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

လူ့ဘဝသည် ရခဲလှသောကြောင့် အလွန်တန်ဖိုးကြီးပါသည်။ ရခဲလှသောလူ့ဘဝတွင် အသက်ရှင်နေစဉ်ကာလ၌ ကျန်းမာရေးကောင်းမွန်မှသာ လူဖြစ်ရကျိုးနပ်ပေလိမ့်မည်။ ကျန်းမာရေးကောင်းမွန်ရန်အတွက် အထက်တွင်ဖော်ပြခဲ့သော လေ့ကျင့်ခန်းအမျိုးမျိုးမှ လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ပြုလုပ်ရန်အလွယ်ကူဆုံးလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ ထို့ပြင် လေကောင်းလေသန့်ကိုပါ ရရှိနိုင်ပါသည်။ လမ်းလျှောက်ချိန်တွင် အလုပ်မှဖိအားများနှင့် စိတ်ဖိစီးမှုများကို လျော့ကျစေပြီး လန်းဆန်းတက်ကြွမှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ ပတ်ဝန်းကျင်ကို အကောင်းမြင်တတ်မှုစသည်တို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် လူသားတိုင်း ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်၍ ပျော်ရွှင်အောင်မြင်သောလူမှုဘဝများကိုလည်း တည်ဆောက်ရယူနိုင်ကြပါစေကြောင်း ရေးသားလိုက်ပါသည်။ ။

■

# သံတွဲမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**သံတွဲ နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက သံတွဲမြို့နယ် ကြက်စားချောင်ကျေးရွာ ကွင်းအမှတ် (၁၅၁) ဦးပိုင်အမှတ် (၁၁၅/၂)ရှိ တောင်သူ ဦးငွေဝင်းလှိုင်၏ လယ်မြေ၌ ကျင်းပသည်။



ဆက်လက်၍ ခရမ်းမော်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၄) ဦးပိုင်အမှတ် (၁၈၈)ရှိ တောင်သူ ဦးကျော်ခိုင်၏ ဆင်းသွယ်လတ်မျိုးစေ့ထုတ်စိုက်ခင်း သုည ဒသမ ၁၀ ဧကကို ရိတ်သိမ်းရာ အစို ၉၀ ဒသမ ၈၅ တင်း၊ အခြောက် ၈၆ ဒသမ ၂၅ တင်း ထွက်ရှိခဲ့ကြောင်း သံတွဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းခိုင်ထံမှ သိရသည်။

**အားပေးကြည့်ရှု**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းခိုင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်အားပေးကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နေပြည်တော် နိုဝင်ဘာ ၁၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက **နံပါတ်တစ်**အနေဖြင့် **နိုင်ငံတော်အစိုးရကချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နံပါတ်နှစ်**အနေဖြင့် **ပြစ်ဒဏ်ကျခံနေရသူများကို ပြစ်ဒဏ်များမှဖြေလျှော့သက်ညှာစွာဆောင်ရွက်ပေးမှုကိစ္စရပ်များ၊ နံပါတ်သုံး**အနေဖြင့် **အာဆီယံအဖွဲ့ကြီးနှင့်ပတ်သက်သည့်ဆက်စပ်ကိစ္စရပ်များ၊ နံပါတ်လေး**အနေဖြင့် **ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုကိစ္စရပ်များ၊ နံပါတ်ငါး**အနေဖြင့် **ပညာရေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဆိုင်ရာကိစ္စရပ်များ၊ နံပါတ်ခြောက်**အနေဖြင့် **အကြမ်းဖက်ကိစ္စရပ်များကို** ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း၊ နံပါတ်တစ်မှ ခြောက်အထိ မိမိအနေဖြင့် ရှင်းလင်းသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေကဏ္ဍဖြစ်ပါကြောင်း၊ မေးခွန်းများမေးသည့်အခါတွင် စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီမေးမြန်းပေးရန်ဖြစ်ကြောင်း။

## ပြန်ကြားပေးရန်

သတင်းစာရှင်းလင်းပွဲတွင် ပြောကြားမည့်အကြောင်းအရာများကို မပြောကြားမီ မီဒီယာများသို့ ပြောကြားလိုသည်မှာ မိမိတို့သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်သည် သတင်းမီဒီယာများ သိရှိမေးမြန်းလိုခြင်းများကို ဖြေကြားရန်အတွက်သာမဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ၊ ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်မှုများကို ပြည်သူလူထုသိရှိရန်နှင့် ပြည်သူလူထုအား ပြန်ကြားပေးရန် သိရှိရမည့် အသိပညာဗဟုသုတများ ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း၊ ထို့ကြောင့်သတင်းစာရှင်းလင်းပွဲများကို လစဉ်ပုံမှန်ဆောင်ရွက်နေခြင်းရှိသကဲ့သို့ မီဒီယာများ၏ မေးမြန်းမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး နေ့စဉ်ဖြေကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပထမဆုံးအနေဖြင့် ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းနှင့်ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ **ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း ကျေးဇူးရှိသူကို ကျေးဇူးပြုခြင်းသည် မင်္ဂလာတစ်ပါး**ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါပြီး မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့တွင် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခဲ့ပါကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရမည့်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါကြောင်း၊ ယမန်နေ့က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပေးအပ်ချီးမြှင့်ခဲ့သည့် အရေအတွက်အနေဖြင့် ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ၊ မဟာသရေစည်သူဘွဲ့၊ စည်သူဘွဲ့ ၄၂ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ စသည့်ဘွဲ့ ၂၂၇ ဦး၊ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် သုံးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ၁၇၇ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ခုနစ်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များဖြစ်သည့် စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ် ၄၀၁ ဦး၊ စီးပွားရေးထူးချွန်တံဆိပ်ဖြစ်သည့် လယ်ယာစီးပွားထူးချွန်တံဆိပ်၊ စက်မှုစီးပွားထူးချွန်တံဆိပ်၊ ဝန်ဆောင်မှုစီးပွားထူးချွန်တံဆိပ် ၁၁၈ ဦး၊ ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များဖြစ်သည့် သိပ္ပံပညာထူးချွန်တံဆိပ်၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်၊ နည်းပညာထူးချွန်တံဆိပ် ၊ စာပေပညာထူးချွန်တံဆိပ် ၁၂၄ ဦးဖြစ်ပြီး စုစုပေါင်း ၁၀၉၉ ဦးဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

မိမိတို့အစိုးရအနေဖြင့် အလားတူချီးမြှင့်မှုများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ၁၂၉၀၊ တပ်မတော်နေ့တွင် ၈၇၇ ဦး၊ နှစ်ဆန်းတစ်ရက်နေ့ ဧပြီလ ၁၇ ရက်နေ့တွင် ၁၄၆ ဦး ချီးမြှင့်ခဲ့ပါကြောင်း၊ ယနေ့ထိ စုစုပေါင်း ၄၃၁၂ ဦး ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်သည့်နေရာတွင် ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များကို မိမိအနေဖြင့် အနှစ်ချုပ်ပြောရမည်ဆိုပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ ကြိုးပမ်းကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်တစ်ခုခုတွင် အဆင့်မီအောင်မြင်စွာ ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားစွာတတ်မြောက်ခဲ့သည့် ပုဂ္ဂိုလ်များကို ချီးမြှင့်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

## ချီးမြှင့်ရမည်

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါကြောင်း၊ ၇၅ နှစ်တာကာလအတွင်း နိုင်ငံ့အကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးခဲ့ကြသူများကို ဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ချီးမြှင့်ရမည်ဖြစ်ကြောင်း၊ **ကောင်းမွန်သည့် လုပ်ဆောင်မှုကိုဖော်ထုတ်ပြီး အစဉ်အလာဖြစ်သွားအောင် လုပ်ရမည်ဖြစ်ပါ**ကြောင်း၊ ယင်းကိုရည်ရွယ်ပြီး လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ သို့သော် အကောင်းမမြင်နိုင်သေးသည့် အမျိုးမျိုးသောဝေဖန်မှုများ ရှိမည်ဖြစ်ကြောင်း၊ ယခင်ချီးမြှင့်စဉ်က မြန်မာ့ငြိမ်းချမ်းရေးကို အစဉ်တစိုက်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၊ EAO ခေါင်းဆောင်များကို ချီးမြှင့်စဉ်က ယခုကဲ့သို့ဝေဖန်မှုများ၊ သွေးခွဲမှုများပေါ်ပေါက်ခဲ့ပါကြောင်း၊ အမျိုးသားအောင်ပွဲနေ့တွင် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းကိစ္စများကို သိသာထင်ရှားအောင် ထုတ်နုတ်ပြသလိုသည်များကို ထုတ်နုတ်ပြောကြားလိုပါကြောင်း၊ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များချီးမြှင့်ရာတွင် မိမိတို့အစိုးရအနေဖြင့် ယခင်အစိုးရလက်ထက်က ဘွဲ့တံဆိပ်ရရှိရန် အရည်အချင်းကိုက်ညီပြီး ကျန်နေသည့် ပုဂ္ဂိုလ်များကို မိမိတို့အစိုးရလက်ထက်တွင် စိစစ်ရွေးချယ်ပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရ၏ မူဝါဒသည် မည်သည့်အစိုးရလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ မည်သည့်ပါတီဝင်ဖြစ်ခဲ့ကြောင်း၊ မည်သူ၏ လူဖြစ်ခဲ့သည်မှာ အရေးမကြီးပါကြောင်း၊ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် မည်မျှတာဝန်ထမ်းဆောင်ခဲ့သည်သာ အရည်အချင်းဖြစ်ပါကြောင်း၊ ယမန်နေ့က ထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာအမိန့်အမှတ်၊ ၂၁၂ /၂၀၂၂ အရ သီရိပျံချီဘွဲ့ ချီးမြှင့်ခံရသူ ၂၃ ဦးနှင့်ပတ်သက်ပြီး ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ NLD အစိုးရလက်ထက် ပြည်ထောင်စုအဆင့်တာဝန်ထမ်းဆောင်ခဲ့သူ ၁၂ ဦး ပါဝင်ပါကြောင်း၊ သီရိပျံချီဘွဲ့ ၂၃ ဦးထဲတွင် ဦးမျိုးညွန့်၊ ဒေါက်တာဝင်းသိန်း၊ ဒေါက်တာဖေမြင့်တို့ အပါအဝင် ၁၂ ဦးပါဝင်ပါကြောင်း၊ အသေးစိတ်ဇယားများကို ဘုတ်များတွင် မီဒီယာများလေ့လာနိုင်ပါကြောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၅၉ ဦးရှိပြီး NLD အစိုးရလက်ထက်တွင် ပြည်ထောင်စုအဆင့်တာဝန်ထမ်းဆောင်ခဲ့သူ ဦးမင်းလွင်၊ ဦးဖရက်ဆင်း၊ ဦးဝင်းမော်ထွန်းနှင့် ဦးလှမော်ဦးတို့အပါအဝင် ၁၂ ဦးရရှိပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် အခြေခံဥပဒေအရ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသောနိုင်ငံဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာကို နိုင်ငံသားအများစုကိုးကွယ်သည့် ဘာသာဟု အသိအမှတ်ပြုသည့်အပြင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သည့်ဘာသာများကိုလည်း ကိုးကွယ်ရာဘာသာအဖြစ် အသိအမှတ်ပြုထားပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ဘာသာပေါင်းစုံတို့၏ ဘာသာရေးပွဲတော်များ၊ အထိမ်းအမှတ်နေ့များ၊ အခမ်းအနားများတွင် တက်ရောက်ခြင်းများ၊ သဝဏ်လွှာပေးပို့ခြင်း၊ အမှာစကားပြောကြားခြင်း ၊ ဂုဏ်ပြုစကားပြောကြားခြင်းနှင့် သွားရောက်လှူဒါန်းခြင်းများ ပြုလုပ်သည့်အခါတွင် ပြောကြားသည့်စကားရှိပါကြောင်း၊ "လူသားတိုင်း နိုင်ငံသူ/နိုင်ငံသားတိုင်း၏ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ မေတ္တာတရားများကို ဘာသာတရားတိုင်းက အလေးထား ဆုံးမကြသကဲ့သို့ ဘာသာရေးခေါင်းဆောင်များကလည်း ဆောင်ရွက်ပေးကြရန်" မှာကြားပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ ဘွဲ့တံဆိပ်များချီးမြှင့်ရာတွင် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ခေါင်းဆောင် ၁၆ ဦးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ၊ ဟိန္ဒူဘာသာ ဘာသာရေးခေါင်းဆောင်များ၊ အသင်းအဖွဲ့ခေါင်းဆောင် ၁၆ ဦးကို ချီးမြှင့်ခဲ့ပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ရေး၊ နိုင်ငံသူ/နိုင်ငံသားအားလုံး စည်းလုံးညီညွတ်အေးချမ်းရေးကို ဆက်လက်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။ အလားတူ နယ်ပယ်အသီးသီးတွင် တိုင်းကျိုးပြည်ပြုတာဝန်ထမ်းဆောင်ခဲ့သည့်သူများကိုလည်း ပေးအပ်ခဲ့ပါကြောင်း၊ မည်ကဲ့သို့ဝေဖန်ချက်များရှိသည်ဖြစ်စေ အစိုးရတစ်ရပ်အနေဖြင့် လုပ်သင့်လုပ်ထိုက်သင့်သည်များ၊ ချီးမြှင့်ထိုက်သူများ၊ အသိအမှတ်ပြုသင့်ပြုထိုက်သည်များကို အစဉ်အလာတစ်ရပ်ဖြစ်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး အစိုးရအဆက်ဆက်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များချီးမြှင့်ရန် အရည်အချင်းကိုက်ညီသော်လည်း မချီးမြှင့်ဘဲ ကျန်ရစ်ခဲ့သူများကို ဆက်လက်စိစစ်ရွေးချယ်လျက်ရှိကြောင်း သတင်းကောင်းပါးလိုပါကြောင်း။

## ဖြေလျှော့သက်ညှာစွာ ဆောင်ရွက်ပေး

ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်ဒဏ်ကျခံနေရသူများကို လက်ရှိကျခံနေရဆဲပြစ်ဒဏ်များမှ ဖြေလျှော့သက်ညှာစွာ ဆောင်ရွက်ပေးမှုကိစ္စရပ်များအကြောင်းကို ပြောလိုပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများသည် ရွေးကောက်ပွဲမဲမသမာမှုက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲသည် အသက်တမျှ အရေးကြီးပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲသည် ယင်းအချက်အလက်များအပေါ်က သွေဖည်သွားပြီး မဲမသမာမှုကြောင့် တိုင်းပြည်၏ ဒီမိုကရေစီခရီးလမ်း နှောင့်နှေးကြန့်ကြာမှုရှိခဲ့ပြီး နိုင်ငံတကာတွင် ပုံရိပ်ကျဆင်းခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကျင့်သုံးနေသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံအုပ်ချုပ်သူများ ဆောင်ရွက်မှုတိုင်းသည် ယင်းဥပဒေနှင့်ညီညွတ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မတရားမှု၊ မသမာမှုများအတွက် အမှန်ကို တည့်မတ်ပေးရန်၊ တရားမျှတသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ထွန်းလာခဲ့ရခြင်းဖြစ်ကြောင်း။

တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းဆောင်ရွက်သည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုဖြစ်စဉ်အပေါ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၃ ရက်နေ့အတွင်း နိုင်ငံတစ်ဝန်းဆန္ဒပြထုတ်ဖော်မှုများမရှိခဲ့ပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး နေပြည်တော်

**စာမျက်နှာ ၉ သို့** »»

»» **စာမျက်နှာ ၈ မှ**

စည်ပင်သာယာရိပ်သာတွင်ရှိနေသည့် စောင့်ကြည့်ခံ လွှတ်တော်အမတ်များကို လက်ရှိနိုင်ငံဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်စေရန် ရှင်းလင်းပြောကြားပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ပါကြောင်း၊ အစိုးရကပဲ ပို့ဆောင်ခဲ့ပါကြောင်း၊ ထိုအချိန်တွင် NLD ၏ CEC အဖွဲ့ဝင်တစ်ဦးက အကြမ်းဖက်မှုများ ဖြစ်ပေါ်လာရန်အတွက် စာတစ်စောင်ထုတ်ပြီး လှုံ့ဆော်ခဲ့ခြင်းကို မီဒီယာများအားလုံးလည်း သိခဲ့ပြီးဖြစ်မည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ၄ရက်တွင်မန္တလေးမြို့ ဆေးတက္ကသိုလ်ရှေ့ ဆန္ဒပြသူ ၂၀ ခန့်က စတင်၍ CDM လှုပ်ရှားမှု စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းမှ အကြမ်းဖက်လုပ်ဆောင်မှုများ ယနေ့ထိ အဆင့်ဆင့် ကူးပြောင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ အစိုးရက နိုင်ငံ့တာဝန်လွှဲပြောင်းရယူပြီးနောက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အစဉ်အမြဲ ရှေးရှုဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသူ/နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရကိုဆန့်ကျင်ပြီး ဆူပူဆန္ဒပြမှုဖြစ်စဉ်များ၊ နိုင်ငံတော်အား ဆန့်ကျင်လှုံ့ဆော်မှုများတွင် ပါဝင်ခဲ့မှုကြောင့် အရေးယူခံထားရသူများ၊ ပြစ်မှုမကျူးလွန်ဘဲ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအပေါ်တွင် အတတ်နိုင်ဆုံး အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့**

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် ပြည်ထောင်စုဝန်ကြီးဟောင်း တစ်ဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း တစ်ဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တစ်ဦး၊ အနုပညာရှင် ၁၃ ဦးနှင့် နိုင်ငံခြားသား လေးဦးအပါအဝင် အကျဉ်းသား ၅၇၇၄ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း စိန်ရတုပြည်ထောင်စုနေ့တွင် **နိုင်ငံခြားသား ၅၅ ဦး၊ နိုင်ငံသား ၂၃၃၁၄ ဦး စုစုပေါင်း ၂၃၃၆၉ ဦး၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် စုစုပေါင်း ၂၃၀၈၄ ဦး ပြစ်ဒဏ်ဖြေလျှော့လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့သည့် အကြိမ်အရေပေါင်း ခုနစ်ကြိမ်ရှိပါကြောင်း၊ နိုင်ငံခြားသား ၂၃၉ ဦး၊ နိုင်ငံသား ၅၉၃၉၀ စုစုပေါင်း ၅၉၆၂၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေကို ကျူးလွန်မှုကြောင့် တရားစွဲဆိုခံနေရသူများကိုလည်း ဖြေလျှော့ပေးခဲ့ပါကြောင်း၊** ဥပဒေနှင့်အညီ ပိတ်သိမ်းပေးခြင်း၊ ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အတူ ၂၀၂၀ ပြည့်နှစ်ပါတီစုံရွေးကောက်ပွဲ မဲမသမာမှုဖြစ်စဉ်ကြောင့် ပြစ်ဒဏ်အသီးသီးချမှတ်ခြင်းခံထားရသူများအနက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း **ဦးလှသိန်း**နှင့် ကော်မရှင်အဖွဲ့ဝင်ဟောင်းဖြစ်သည့် **ဦးမြင့်နိုင်**တို့ကို ၂၅-၁၀-၂၀၂၂ ရက်နေ့၊ ကော်မရှင်အဖွဲ့ဝင်ဟောင်းဖြစ်သည့် **ဦးသန်းဌေး**ကို ၁၇-၁၁-၂၀၂၂ ရက်နေ့တွင် လည်းကောင်း ဆက်လက်ကျခံရန် ကျန်ရှိသည့်ပြစ်ဒဏ်အား လျှော့ပေါ့လွတ်လပ်ခွင့်ပေးခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်ဟောင်းများသည် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်ပြီး သမ္မတဟောင်း ဦးဝင်းမြင့်အနေဖြင့် ၎င်း၏နိုင်ငံရေးအရ ရထားသည့် အခွင့်အာဏာထက်ကျော်လွန်ကာ ကော်မရှင်၏လုပ်ဆောင်ချက်အပေါ် လွှမ်းမိုးခဲ့ကြောင်းကို ၎င်းတို့၏ ထုတ်ဖော်ပြောဆိုချက်များအား သတင်းစာရှင်းလင်းပွဲတွင် ပြသခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ထားရှိသောရည်ရွယ်ချက်များကိုသိရှိပြီး နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်စည်းလုံးညီညွတ်ရေးတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဆက်လက်ပြီး အာဆီယံအဖွဲ့ကြီးနှင့်ဆက်စပ်ကိစ္စများပြောမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါကြောင်း၊ ၎င်းကာလသည် မြန်မာနိုင်ငံ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ တာဝန်ယူထားသည့်အချိန် ဖြစ်ပါကြောင်း၊ အဆိုပါအာဆီယံအဖွဲ့သို့ ဝင်ရောက်နိုင်ရန်အတွက် ထိုအချိန်မှ စတင်ကြိုးပမ်းခဲ့ခြင်းမဟုတ်ကြောင်း၊ ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပထမအကြိမ်ကျင်းပခဲ့သည့် အာဆီယံကျွန်းဆွယ်အားကစားပြိုင်ပွဲသို့ မိမိတို့မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ထိုကျွန်းဆွယ် အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်စဉ်ကတည်းကပင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့သို့ ဝင်ရောက်ရန် အစပြုခဲ့ခြင်းဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့ကြီးဖြစ်**

အာဆီယံအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့ကြီးဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းနှင့် အခြားသော အာရှနိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ပညာရေးနှင့် လူမှုယဉ်ကျေးမှုများ ပေါင်းစည်းရေးကိုမြှင့်တင်ပေးနိုင်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ အာဆီယံအသင်းဝင်ဟုဆိုရာတွင် နိုင်ငံကိုလက်ခံခြင်းသာဖြစ်ကြောင်း၊ အစိုးရတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦး မဟုတ်သည်ကို အာဆီယံနိုင်ငံတိုင်းမှ ခေါင်းဆောင်များအားလုံး သိရှိပြီးဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် အာရှ-ပစိဖိတ်မဟာဗျူဟာနှင့် အာဆီယံက ချိတ်တွဲလာသည့် နိုင်ငံကြီးအချို့၏ ပထဝေဂသည် အာဆီယံနိုင်ငံအချို့အပေါ် သက်ရောက်မှုရှိလာသည်ကိုတွေ့ရပါကြောင်း၊ ယနေ့အချိန်တွင် အာဆီယံနိုင်ငံအချို့၏ လုပ်ဆောင်ချက်များသည် အာဆီယံ၏အခြေခံမူများနှင့်ပဋိညာဉ်များကို လျစ်လျူရှုနေပြီး အာဆီယံအဖွဲ့ကြီးအပေါ် သက်ရောက်မှုများရှိလာသည်ကို တွေ့မြင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ခွင့်ပြုချက်ဖြင့်သာ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဒီမိုကရေစီထိန်းကျောင်းခြင်းလုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရသည် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမည်မဟုတ်ဘဲ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် တည့်မတ်ပေးခြင်းသာဖြစ်ပါကြောင်း၊ အချို့သော အာဆီယံနိုင်ငံအချို့က မိမိတို့အစိုးရအပေါ် အာဆီယံမူဘောင်များနှင့် ကင်းလွတ်၍ ဆက်ဆံလာကြသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ သီးခြားလွတ်လပ်သော ဆက်ဆံရေးများကိုပြောရန်မရှိသော်လည်း ထိုနိုင်ငံများက အာဆီယံအဖွဲ့ကြီးကို အသုံးပြု၍ မြန်မာနိုင်ငံအပေါ် မတော်မတရားဖိအားပေးမှုများ ပြုလုပ်လာသည်ကို တွေ့ရပါကြောင်း။

**အာဆီယံ၏အနာဂတ်အတွက် စိတ်ပူစရာ**

အာဆီယံ၏ ပဋိညာဉ်သည် အာဆီယံ၏ အသက်၊ နှလုံးသားဖြစ်ပါကြောင်း၊ ထိုပဋိညာဉ်တွင် ပါဝင်သည့် အာဆီယံ၏အခြေခံမူများမှ သွေဖည်လာခြင်းသည် အာဆီယံ၏အနာဂတ်အတွက် စိတ်ပူစရာဖြစ်ပြီး အာဆီယံ၏ ယုံကြည်မှုတန်ဖိုးကိုလည်း ကျဆင်းစေပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် အာဆီယံနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံသည် တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကိုရယူပြီး ၂ လအကြာ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် အာဆီယံခေါင်းဆောင်များ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေးအပြီးတွင် တူညီဆန္ဒ (၅)ချက်ကို ချမှတ်ခဲ့ပါကြောင်း၊ **ယင်းတူညီဆန္ဒ (၅)ချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ ကြိုတင်အသိပေးညှိနှိုင်းခဲ့ခြင်းမဟုတ်ဘဲ အစည်းအဝေးအပြီးမှသာ ဥက္ကဋ္ဌ၏ကြေညာချက် နောက်ဆက်တွဲအဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊** အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မြန်မာနိုင်ငံ၏ ထိုအချိန်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများ၊ မဲမသမာမှုလုပ်ခဲ့သည့် အထောက်အထားများကို အာဆီယံခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အသေးစိတ်ရှင်းပြခဲ့ကြောင်း၊ အာဆီယံခေါင်းဆောင်များ၏ ဆွေးနွေးချက်များအပေါ် အချက်(၃)ချက်ကို အလေးထား၍ ပြောကြားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုအချက် (၃)ချက် အတိုင်း တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ဆောင်ရေးအတွက် ဆက်လက်ရပ်တည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုအချက် (၃)ချက်မှာ မိမိတို့နိုင်ငံသားတိုင်း သိရှိထားသင့်သည့် အချက်များဖြစ်ကြောင်း၊ အဆိုပါအချက်များမှာ **မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှအကြံပြုချက်အချို့သည် အပြုသဘောဆောင်သည်ကို မှတ်သားမိပါကြောင်း၊ အဆိုပါအကြံပြုချက်များကို နိုင်ငံ၏ ပြည်တွင်းရေး အခြေအနေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းတည်ငြိမ်မှုရှိရေး ဦးစားပေးဆောင်ရွက်နေရသည့်အတွက် နိုင်ငံ၏အကျိုးစီးပွားကို အခြေခံလျက် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်များကို အလေးထားစဉ်းစားပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အကြံပြုချက်များသည် အစိုးရကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုခြင်း၊ နိုင်ငံအတွက် အကျိုးရှိစေခြင်း၊ ASEAN Charter, ASEAN Way နှင့် ASEAN Spirit တို့အပေါ် အခြေခံမည်ဆိုပါက အပြုသဘောစဉ်းစားပေးမည်ဟုဆိုသည့် အချက်များဖြစ်ကြောင်း၊** အဆိုပါအချက် (၃)ချက်ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုကိစ္စရပ်တစ်ခုမှာ AHA စင်တာမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ လူသားချင်းစာနာမှုအကူအညီများကို လိုအပ်နေသူများထံသို့ မျှတမှုရှိပြီးခွဲခြားဆက်ဆံမှုမရှိဘဲ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ (၅၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ဗီဒီယိုကွန်ဖရင့်ဖြင့်ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထိုအစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ဘရူနိုင်းနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒါတိုအီရဝမ်အား ခန့်အပ်ရေးကို အတည်ပြုနိုင်ခဲ့ကြောင်း၊ အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းအပေါ်တွင် အာဆီယံခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒ(၅)ချက်နှင့်အညီ အပြုသဘော ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် အာဆီယံခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒ(၅)ချက်နှင့်အညီ ၎င်း၏တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အဆိုပါအထူးကိုယ်စားလှယ်ကို လက်ခံရာတွင် ပြောကြားခဲ့သည့်အချက်တချို့ရှိကြောင်း၊ ထိုအချက်များမှာ သဘောတူညီချက်(၅)ချက်ဖြင့် မည်သို့သော အဆိုပြုချက်အသစ် (သို့မဟုတ်)ခြွင်းချက်အသစ်ကိုမျှ လက်ခံမည်မဟုတ်ဟု ကြေညာခဲ့ပါကြောင်း၊ အထူးကိုယ်စားလှယ်သည် ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ခွင့်၊ အချုပ်အခြာအာဏာ၊ သာတူညီမျှရှိမှု၊ ပိုင်နက်နယ်မြေတည့်ခိုင်မြဲမှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာကို လေးစားရန်၊ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန်၊ ပြည်ပဝင်ရောက်စွက်ဖက်မှု၊ သိမ်းသွင်းမှု၊ အကျပ်ကိုင်မှုမပြုလုပ်ရန်၊ မိမိနိုင်ငံ၏ကံကြမ္မာကို မိမိဘာသာ ဖန်တီးနိုင်မှုအခွင့်အရေးကိုလေးစားရန် စသည့်အချက်များဖြစ်ကြောင်း။

အလားတူ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ ရက်နေ့တွင် အရေးပေါ် အာဆီယံနိုင်ငံရေးဝန်ကြီးများ အစည်းအဝေး(BAMM)သို့ မိမိတို့နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးက အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါကြောင်း။

**အချိန်ပေးသင့်**

ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံမှ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန်အတွက် အချိန်ပေးသင့်ကြောင်း၊ ယခုအချိန်သည် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံရေးအရကိုယ်စားပြုသည့် ပုဂ္ဂိုလ်ကို မတက်ရောက်စေသင့်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသူ တက်ရောက်ရေးကိစ္စအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒမရရှိဘဲ ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးက တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုအပေါ် မြန်မာနိုင်ငံမှ သဘောမတူကြောင်းနှင့် ယင်းကန့်ကွက်ချက်ကို မှတ်တမ်းတင်ပေးပါရန်နှင့် ဘရူနိုင်းနိုင်ငံမှ ထုတ်ပြန်မည့် ထုတ်ပြန်ချက်များတွင်လည်း မြန်မာနိုင်ငံ၏ သဘောထားကို ထင်ဟပ်ဖော်ပြပေးရန် ထပ်မံပြောကြားခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ လက်ထက်တွင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာပရပ်ဆုတ်ခွန်းသည် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မစ္စတာပရပ်ဆုတ်ခွန်းသည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်တိုင်တိုင် အလုပ်သဘောခရီးစဉ်လာရောက်ခဲ့သည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com


# ဓနုဖြူမြို့ ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်၏ ပြည်ပတင်ပို့မည့်ဆန်ကြိတ်ခွဲနေမှုကို ကြည့်ရှုအားပေး



**ဓနုဖြူ နိုဝင်ဘာ ၁၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲက မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်၏ ပြည်ပတင်ပို့မည့် ဆန်ကြိတ်ခွဲနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက် လုပ်ငန်းအခြေပြု ဓနုဖြူရုံး၏ အစည်းအဝေးခန်းမ၌ ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်ဓနုဖြူရုံးခွဲ၏ လက်ထောက်အထွေထွေမန်နေဂျာ ဦးတိုးလွင်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကန်ထရိုက်လယ်ယာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က မအူပင်ခရိုင် ဆန်စပါး၊ ပဲမျိုးစုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ၂၀၂၂ ဆန်စပါးညီလာခံ၏ ဆုံးဖြတ်ချက်ရလဒ်အပေါ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ဆန်စပါးအရည်အသွေးကောင်း ကြိတ်ခွဲထုတ်လုပ်နိုင်ရေး၊ ပြည်ပဈေးကွက်တင်ပို့နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲတင်ပြထားခြင်းကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဗိုလ်ချုပ်ဌေးဦး(ငြိမ်း) ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်နီနီဝင်း မိသားစုက သက်ကြီးစာပေပညာရှင် ၂၄၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် အလှူငွေကျပ် ၂၄၇၀၀၀၀၊ ဒေါက်တာထွန်းမောင်(သွားဆရာဝန်)ချမ်းအေးသာစံမြို့နယ်က ငွေကျပ်သုံးသိန်း၊ ဆရာစိုးတင့်(ဧရာဝတီ)မိသားစုက ငွေကျပ်နှစ်သိန်း၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) - စာရေးဆရာမ (မလေးယဉ်) မိသားစုက ငွေကျပ်တစ်သိန်း၊ ဆရာမ လေးခင်(တော်ဝင်ပန်း) တောင်ဥက္ကလာပမြို့နယ်က ငွေကျပ် ၇၉၀၀၀၊ ကလောမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ခုနစ်သောင်း၊ ကျောက်တန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်ခြောက်သောင်း၊ ဆရာကြယ်နီလေး(ဥပဒေ)လှိုင်မြို့နယ်၊ မုံရွာမြို့နယ်စာရေးဆရာအသင်းနှင့် တာမွေမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ စာရေးဆရာမ သက်ဦးခင်၊ မဲခေါင်စာပေဆုရဦးဖေသန်း(နေမင်းသန်း)၊ မုံရွာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးညွန့်စိုး(ရွှေရည်စိုး)နှင့် မြန်အောင်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ သန်လျင်မြို့နယ် စာရေးဆရာအသင်းနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်နှစ်သောင်းစီ၊ ဒေါ်ယဉ်မြိုင်(မိုးပန်းမွှန်-ရာမည)အား ရည်စူး၍ ဦးထွန်းရီ(ဒေါပုံမြို့နယ်) မိသားစုက ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်မြစ်ကြီးမြို့နှင့်တနိုင်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် တန့်ယန်းမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



စစ်တွေကမ်းခြေတွင် သန့်ရှင်းရေးဆောင်ရွက်နေစဉ်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သင်ထောက်ကူပစ္စည်းများအသုံးပြုခြင်းဖြင့် စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုနှင့် သင်ယူချင်စိတ်ရှိအောင် လှုံ့ဆော်နိုင်ခြင်းနှင့် ရှင်းလင်းလွယ်ကူစွာနားလည်စေ

**မြိတ် နိုဝင်ဘာ ၁၉**

သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းဖြင့် သင်ယူသူများ စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုနှင့် သင်ယူချင်စိတ်ရှိအောင် လှုံ့ဆော်နိုင်ခြင်း၊ သင်ပြမည့် အကြောင်းအရာများကို ရှင်းလင်းလွယ်ကူစွာ နားလည်စေခြင်း၊ သင်ယူမှုနှေးကွေးသူများအတွက် အလွယ်တကူ နားလည်စေခြင်း၊ အာရုံငါးပါးဖြင့် ကြားမြင်စွာထိတွေ့သင်ယူခြင်းဖြင့် ကျယ်ပြန့်သောဗဟုသုတများရရှိစေမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက မြိတ်တက္ကသိုလ်၌ဖွင့်လှစ်သည့် အခြေခံပညာအထက်တန်း ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

**ပညာရေးပြုပြင်ပြောင်းလဲ**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးသည့်အရင်းအနှီးသည် ပညာရေးဖြစ်ကြောင်း၊ ပညာသည် မကုန်ခန်းနိုင်သော အရင်းအမြစ်ဖြစ်သည့်အတွက် ပညာရေးအဆင့်အတန်းမြင့်မားအောင် နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီး သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ပြောင်းလဲရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြိတ်ခရိုင် ပညာရေးမှူး ဒေါ်လှလှအေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြိတ်တက္ကသိုလ်တွင် ဘာသာရပ်အလိုက် လက်တွေ့ခန်းများ၌ သင်တန်းနည်းပြများက သင်ခန်းစာများကို သင်ထောက်ကူပစ္စည်းများဖြင့် ဆရာ ဆရာမများအား သင်ကြားပေးလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

သင်တန်းကို အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်သင် ဆရာ ဆရာမများအနေဖြင့် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရန်၊ အခြေခံပညာအထက်တန်းအဆင့် သင် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးများကို မြှင့်တင်ပေးရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကို နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်ထိ သင်တန်းနည်းပြ ၁၆ ဦးက မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်သင် ဆရာ ဆရာမ ၂၂၆ ဦးအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်မြို့ သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတွင် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား သီတဂူဆရာတော် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများက မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# တီးတိန်မြို့နှင့် ဖလမ်းမြို့တို့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဟားခါး နိုဝင်ဘာ ၁၉**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ ရက်က တီးတိန်မြို့နယ်မြေခံတပ်ရင်းခန်းမနှင့် ဖလမ်းမြို့နယ်မြေခံတပ်ရင်းခန်းမတို့၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

**MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်**

ပြည်နယ်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ‘ဝ’ဠ စိုက်ပျိုးရေးအပါအဝင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရေးမျှော်မှန်းပြီး ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များကို ပေးအပ်ခဲ့သည်။ **ပြည်နယ် (ပြန်/ဆက်)**



# သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်လှစ်

**ဘားအံ နိုဝင်ဘာ ၁၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ပြည်နယ်အတွင်းရှိ အထက်တန်းဆင့်သင် ဆရာ ဆရာမ ၁၈၀ ခန့် တက်ရောက်လျက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

**တီထွင်ဖန်တီးသည့်အဆင့်ရောက်ရှိ**

သင်တန်းတွင် ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးပြည့်ဝသော ပညာရေးစနစ်ပေါ်ထွန်းစေရန် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို ၂၁ ရာစု အသိပညာနှင့် ကျွမ်းကျင်မှုများ အလေးပေးကာ ပြန်လည်ပြုပြင်မွမ်းမံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်ကြားသင်ယူမှုဖြစ်စဉ်အရ တီထွင်ဖန်တီးသည့်အဆင့်ရောက်ရှိအောင် သင်ကြားပေးနိုင်ရေးသည် ယခုကဲ့သို့ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချမှုမှာ လွန်စွာအရေးကြီးပြီး လက်တွေ့လုပ်ဆောင်ခြင်းကြောင့် သင်ယူမည့်အကြောင်းအရာ၏ ၇၅ ရာခိုင်နှုန်းကျော်ကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရရှိစေမည်ဖြစ်သည့်အတွက် စနစ်သစ်ပညာရေး၏ ရည်မှန်းချက်များအောင်မြင်စေရန် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ပညာရေးမှူးရုံးညွှန်ကြားရေးမှူးက အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က နည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများအား ငွေကျပ် ၁၉ သိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး သင်ထောက်ကူပစ္စည်းများအသုံးပြု၍ လက်တွေ့သင်ကြားပို့ချနေမှုများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။

ဘာသာရပ်အလိုက် လက်တွေ့သင်တန်းများအနေဖြင့် အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 ဓာတုဗေဒဘာသာရပ်သင် ဆရာ ဆရာမများအား နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချခဲ့ပြီး ရူပဗေဒဘာသာရပ်ကို နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက် အထိလည်းကောင်း၊ ဇီဝဗေဒဘာသာရပ်ကို နိုဝင်ဘာ ၂၆ ရက် မှ ၂၇ ရက် အထိလည်းကောင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မုံရွာပညာရေးဒီဂရီကောလိပ် အမျိုးသားအိပ်ဆောင် သင်တန်းသား ၂၀၀ ဆံ့ လေးထပ်ဆောင်အဆောက်အအုံသစ် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုံရွာပညာရေးဒီဂရီကောလိပ်အတွင်း တည်ဆောက်လျက်ရှိသည့် အမျိုးသားအိပ်ဆောင် သင်တန်းသား ၂၀၀ ဆံ့ အလျား ၁၇၉ ပေ၊ အနံ ၃၇ ပေ၊ အမြင့် ၄၄ ပေရှိ RC ကွန်ကရစ် လေးထပ်ဆောင် အဆောက်အအုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေး**

တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီတည်ဆောက်ပြီးစီးရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေး အသိ၊ သတိတို့ဖြင့် ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၈၂၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၁၁-၂၀၂၂) ရက်နေ့ ည(၈:၀၀)နာရီမှ (၁၉-၁၁-၂၀၂၂) ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃၀) တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၈၂,၃၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၉၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၃၀၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၈) ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မောက်မယ်မြို့နယ်၌ ရှမ်းတိုင်းရင်းသားများ နှစ်သစ်ကူးနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မောက်မယ် နိုဝင်ဘာ ၁၉**

ရှမ်းအမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ဖြင့် အစဉ်အဆက်ထိန်းသိမ်းလာခဲ့သော နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည့် နတ်တော်လဆန်း(၁) ရက်နေ့တွင် ကျရောက်မည့် ရှမ်းသက္ကရာဇ် ၂၁၁၇ ခုနှစ် ရှမ်းတိုင်းရင်းသားများ နှစ်သစ်ကူးနေ့အခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် နမ့်ယွမ်းဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် မောက်မယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က ယခင်နှစ်များထက် ပိုမို စည်ကားသိုက်မြိုက်သော ရှမ်းအမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား ဖြစ်မြောက်စေရေး တက်ရောက်လာကြသောကော်မတီဝင်များအနေဖြင့် အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ ရှမ်းအမျိုးသားအလံတင် အခမ်းအနား၊ ရှမ်းနှစ်သစ်ကူးနေ့အခမ်းအနား၊ ကောက်သစ်စားပွဲအခမ်းအနား၊ ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းပြီး ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပရန်လိုအပ်ကြောင်း စသည်ဖြင့် လမ်းညွှန်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကော်မတီဝင်များက ရှမ်းတိုင်းရင်းသားများ နှစ်သစ်ကူးနေ့အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်(တန်ဆောင်မုန်းလကွယ်) ည ၁၂ နာရီတွင် နှစ်သစ်ကူးကြိုဆိုပွဲနှင့် နိုဝင်ဘာ ၂၃ ရက် (နတ်တော်လဆန်း ၁ ရက်နေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။ သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ကြရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အစားထိုးရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်တင်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောသည်။

ယင်းနောက် လုပ်ငန်းအစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းများ၊ ရှေ့လုပ်ငန်းစဉ်များ၊ အမြတ်ခွဲဝေစာရင်းများကို နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှ မှတ်တမ်းတင် အတည်ပြုချက်ရယူပြီးနောက် အပြေအကျေပေးဆပ်ပြီး တာဝန်ကျေသော အခြေခံသမဝါယမအသင်းများအား အသင်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး



ဦးကျော်မိုးတင့်၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်တင်နှင့် အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပန်းတောင်း နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ



အသိပညာပေးနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

### အသိပညာပေး

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ကုန်တင်ယာဉ်များ၏ သတ်မှတ်ချက်များ၊ ယာဉ်များမောင်းနှင်ရာတွင် အသက် ၁၈ နှစ်ပြည့်နှင့် ယာဉ်မောင်းလိုင်စင် ပြုလုပ်၍ မောင်းနှင်ကြရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အမှတ်အသားများ၊ မော်တော်ဆိုင်ကယ် /မော်တော်ယာဉ် မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ၊ ဥပဒေပုဒ်မများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် နည်းဥပဒေများ၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်း၍ မောင်းနှင်စီးနင်းရေး စသည်တို့ကို အသိပညာပေးခဲ့သည်။ လမ်းသွားလမ်းလာပြည်သူများ၊ ဈေးသည်များ၊ ကုန်တင်ယာဉ်များကိုလည်း နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး (ပြန်/ဆက်)**



## အင်းစိန် အထက(၁)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်းကြီးလမ်း(ဗဟိုလမ်း) အထက(၁)ရောဝတီခန်းမ၌ ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၆၉) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးတင်ကိုက ယာဉ်အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ အသက်အန္တရာယ် ထိခိုက်ပျက်စီးမှုများ၊ လမ်းကူးသူများ၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် ထိခိုက်ပျက်စီးမှုများ၊ လမ်းကူးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်သင်္ကေတများ စသည်တို့ကို ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များ ပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ထို့နောက် အမှတ်(၆၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး တင်ကိုနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စက်လှေနှင့် ယာဉ်များ သိမ်းဆည်းရမိ



တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် နိုဝင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကမ်းခြေစောင့်တိုက်ရေယာဉ်(၁၁၄)မှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွန်းစုမြို့နယ် ကားယားကျွန်းအနောက်မြောက်ဘက် ၁ ဒသမ ၉ မိုင်ခန့်အကွာ၌ စက်လှေတစ်စင်းပေါ်မှ တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၁၀၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၆၀၅၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသော စက်လှေတစ်စင်းနှင့် စက်လှေပါ ဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၆၀၅၀ ကို သစ်တောဥပဒေနှင့်အညီ သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင် ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော မီးသွေးအိတ် ၄၅ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀ ကို သစ်တောဥပဒေအရ လည်းကောင်း၊ ထိုင်းနိုင်ငံထုတ် မုန့်မျိုးစုံ ကီလိုဂရမ် ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)နှင့် အဆိုပါ မီးသွေးအိတ်များနှင့် မုန့်မျိုးစုံများ တင်ဆောင်လာသော ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၆၇၅၀၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က အေးရှားဝေါလ်ဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော ကြမ်းခင်းကော်ဇော ကီလိုဂရမ် ၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော Roller Bearing Model ဆိုဒ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၉၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၅၀၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၉၅၂၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဝေါမြို့နယ် မှုံကတိုးကျေးရွာအတွင်း၌ လိုင်စင်မဲ့ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၉၅၂၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၄၆၇၀၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

■

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

မံစီမြို့နယ် နမ့်စန်မြို့နယ်နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မံစီမြို့နယ် ဟန်ထက်ကျေးရွာအုပ်စု မံဝိန်းလေးကျေးရွာအနီး ဗန်းမော်-ရွှေကူသွားကားလမ်းတွင် သောင်းလဲ(ခ)ဇီဟူး မောင်းနှင်ပြီး ချစ်ကိုကို(ခ)ချစ်ကို လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ည ၇ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် ဟိုဦးကျေးရွာအနီး နမ့်စန်-လွိုင်လင်သွားကားလမ်းတွင် စိုင်းလောဝ်မွန်းမောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာအနီးတွင် ရန်တင်လှို(ခ)အားလျို့ မောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ရန်တင်လှို(ခ)အားလျို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၁-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ "မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်" (မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သတင်းသမားပြောတဲ့သတင်းစကား
၀၉:၁၀ တရုတ်ကာတွန်း "ပန်းနဂါးမိုးလေတံတား" (အပိုင်း-၁၂)(ဇာတ်သိမ်းပိုင်း)
၀၉:၂၅ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၂)
၁၂:၅၅ အသိပညာနှင့်အမှန်တရား
၁၃:၀၅ Weekly Local News Highlights
၁၃:၂၀ MRTV National News
၁၃:၂၅ မြန်မာ့ဝန္တဝင်ရုပ်ရှင် 'ငွေ' (ဇော်လင်း၊ လင်းထင်၊ချိုပြုံး) (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၆:၃၅ "ရင်ခုန်ခံစားကာတာကမ္ဘာဗလား"
၁၆:၅၀ "အနာဂတ်ရဲ့ကြယ်ပွင့်ကလေးများ"
၁၇:၁၅ "Sports Diary"
၁၇:၃၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၄၅ Economic Review
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာ သီရိဂေဟာ
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'အတိုးမပေးတဲ့ နီးလေး'** (အပိုင်း-၁၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ **'အားလုံးကချစ်တဲ့ ဒီကောင်မလေး ထပ်ဆင့်အကယ်ဒမီ တေးသံရှင် ချိုပြုံး'** (အပိုင်း-၃)
၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် **"ရွှေရိုး"** (ရန်အောင်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ရွှေဝင်းလွင်)

**mitv**

07:02 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:10 The Art of Making Glaze Ware
07:29 Sayit-Wyne Girls
07:53 ASEAN Information Exchange Initiative: Renewable Energy
08:01 News
08:27 Myanmar Traditional Cart Business
08:48 Listening Pleasure, Instrumental Music (Horn Violin) Yadanabon
09:01 A Trip to Gyobyu Reservoir (Part-1)
09:29 Today Myanmar: Bamboo Products
09:37 Healthy Diet: Keto Diet
09:47 Myanmar Childhood Games (Episode-3)
10:01 News
10:40 Perspectives: Consumer and Occupational Fraud
11:01 Graffiti: Character Art

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ
**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး
**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
မန်မာ့မြေမှုစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (ချင်းပြည်နယ်ကအော်ဂဲနစ်စိုက်ပျိုးရေး)(အပိုင်း-၁)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
စံပယ်ပန်းအစွမ်းမွှေကြိုင်လန်း
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ငယ်ချစ်ဦးရဲ့ရင်ခွင်ပျောင်းဆီ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပုစဉ်းရင်ကွဲ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
'ဝ'ဥစိုက်ကြမယ်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်
**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းသားကျေးရွာကကရင်ရိုးရာအိမ်ကလေးသို့

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅ "ဖွံ့ဖြိုးစည်ပင် စစ်ကိုင်းတိုင်းဒေသကြီးတစ်ခွင်"
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကမ္ဘာ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်"**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၁)
၁၁:၃၀ **"အတွေးအမြင်"**(အပိုင်း-၁)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
၀၆:၅၀ ကယားမြေမှသောင်းအာလူး
၀၇:၃၅ သတိပြုစရာကျွဲ၊ နွားအရေပြားအကျိတ်နာရောဂါ
၀၇:၅၅ ဝင်ငွေတိုးပွားရွှေသခွား
၀၈:၂၀ **'စာသင်ခန်းမှသည်လယ်တောဆီ'**(ဇာတ်လမ်းတို)
၀၈:၃၀ လေ့ကျက်စခန်းသာအပန်းဖြေဆင်စခန်း
၀၉:၂၅ **"သုတဝေစည်တောင်သူဆီ"**
၀၉:၄၅ ပန်းမြတ်သဇင်

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ"ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် လုယက်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီ ၃၈ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ကုန်သည်လမ်းနှင့် ၂၆ လမ်းထိပ် အမှတ်(၇၁၈/၇၂၀)ရှိ "သစ္စာ"ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင်တွင် ဆိုင်ရှင်ဖြစ်သူ ဦးမောင်မောင်ထွန်း(ခ)အင်မရမ်းနှင့် မိတ်ဆွေဖြစ်သူ ဦးမြင့်ကြည်တို့ရှိနေစဉ် Mask အနက်ရောင်များ ဝတ်ဆင်ထားသော အသက် ၃၀ နှစ်ခန့်ရှိ အမျိုးသား သုံးဦးက ဓားမြှောင်များကိုင်ဆောင် ဝင်ရောက်လာကာ ဦးမောင်မောင်ထွန်းနှင့် ဦးမြင့်ကြည်တို့အား ရန်ပြုတိုက်ခိုက်ခြိမ်းခြောက်ပြီး ဦးမောင်မောင်ထွန်းပိုင် မီးခံသေတ္တာအတွင်းရှိ ငွေကျပ်သိန်း ၂၈၀၊ ဦးမြင့်ကြည်ပိုင် YGN 4H/6543 Toyota Allion ခဲရောင်ယာဉ်နှင့် i phone နှစ်လုံးတို့ကို လုယက်ယူဆောင်သွားခဲ့သဖြင့် လုယက်မှုကျူးလွန်သူ တရားခံများအား ပန်းဘဲတန်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။


အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သတင်းရယူစုံစမ်းခြင်း၊ ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်းအထောက်အထားများကို အခြေခံကာ ရရှိလာသော သတင်းများအား ကွင်းဆက်မပြတ်ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံသုံးဦးအနက် တရားခံတစ်ဦးမှာ အဆိုပါ "သစ္စာ" ကုန်မာဆိုင်တွင် ယခင်က ယာဉ်မောင်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသော သီဟအောင်ဆိုသူဖြစ်ကြောင်း စတင်ဖော်ထုတ်သိရှိခဲ့ရပြီး တရားခံများလုယက်ယူဆောင်သွားခဲ့သည့် YGN 4H/6543 Toyota Allion ခဲရောင်ယာဉ်အား နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၆) ရပ်ကွက် ရန်ကင်းကလေးဆေးရုံအနီး ကန်ဘဲ့လမ်းမပေါ်၌ ပြန်လည်တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စုံစမ်းဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၈ ရက် ညနေ ၃ နာရီ ၅၅ မိနစ်



ဓါတ်ပုံ- ဝဲမှယာ- သီဟအောင်(ခ)ဝက်ပိန်၊ ဘိုဘို(ခ)မြင့်ထွေး၊ မျိုးဇော်ထွန်း

**ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ" ကုန်မာနှင့်**
**အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု**




တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ဒဂုံရောအဝေးပြေးကားဝင်းရှိ "အင်ကြင်း" စားသောက်ဆိုင်၌ လသာမြို့နယ် အမှတ်(၃)ရပ်ကွက် စဉ့်အိုးတန်းလမ်း အမှတ်(၆)နေ တရားခံ သီဟအောင်(ခ) ဝက်ပိန် ၂၉ နှစ် (ဘ)ဦးသိန်းသန်းထွန်းကို လုယက်မှုကျူးလွန်ရာမှရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် ရွှေလက်စွပ် နှစ်ကွင်း၊ VIVO Y16 အမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Digitech အမျိုးအစား နာရီတစ်လုံး၊ အနက်ရောင်ပိုက်ဆံအိတ် တစ်လုံးနှင့် ငွေကျပ် ၆၄၀၀၀၀ တို့နှင့်အတူ စတင်ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိသူ သီဟအောင်(ခ) ဝက်ပိန်၏ ထွက်ဆိုချက်အရ လုယက်မှုတွင် အတူပါဝင်ကျူးလွန်ခဲ့သူများဖြစ်ကြသည့် မင်္ဂလာဒုံမြို့နယ် ပေါင်းကူးဥဿာ ရပ်ကွက် မဥ္ဇူ(၂)လမ်းနေ မျိုးဇော်ထွန်း ၃၁ နှစ် (ဘ)ဦးတင်သောင်းကို လုယက်မှုကျူးလွန်ရာမှရရှိသည့်ငွေများဖြင့် ဝယ်ယူထားသည့် Redmi Note 11 Pro Prime အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့် အတူ ယင်းနေ့ ည ၉ နာရီခွဲတွင် ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် မြစံပယ်လမ်း အမှတ်(၉၃)နေ ဘိုဘို(ခ)မြင့်ထွေး ၂၅ နှစ် (ဘ)ဦးမြင့်သန်းကို လုယက်မှုကျူးလွန်ရာမှ ရရှိသည့်ငွေများဖြင့် ဝယ်ယူထားသည့် ရွှေနားကပ်တစ်ရန်၊ VIVO Y17 အမျိုးအစား နက်ပြာရောင်ဖုန်းတစ်လုံး၊ Techno Spark 7 အမျိုးအစား အစိမ်းရောင်ဖုန်းတစ်လုံးနှင့် အခင်းဖြစ်စဉ်၎င်းဝတ်ဆင်ခဲ့သည့် ပလေကပ်ပုဆိုး တစ်ထည်၊ နက်ပြာရောင် တီရှပ်လက်တို တစ်ထည်တို့နှင့်အတူ ယင်းနေ့ ည ၁၀ နာရီတွင် ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့အနေဖြင့် လတ်တလော ငွေကြေး အသုံးလိုသည့်အတွက် သီဟအောင်(ခ)ဝက်ပိန် ယခင်ယာဉ်မောင်းအလုပ်လုပ်ကိုင်ခဲ့ဖူးသည့် "သစ္စာ"ကုန်မာဆိုင်အား လုယက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာတွင် သီဟအောင်(ခ)ဝက်ပိန်က ဦးဆောင်ခဲ့ပြီး ဘိုဘို(ခ)မြင့်ထွေးနှင့် မျိုးဇော်ထွန်းတို့က ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ ဆိုင်အတွင်း ဝင်ရောက်လုယက်စဉ် မျိုးဇော်ထွန်းက ဦးမောင်မောင်ထွန်းအား ချုပ်နှောင်၍ သီဟအောင်(ခ)ဝက်ပိန်က ဓားဖြင့်ထိုးခဲ့ကြောင်း၊ ဘိုဘို(ခ)မြင့်ထွေးက ဦးမြင့်ကြည်အား ချုပ်နှောင်၍ ဆိုင်နောက်ဘက်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ဦးမောင်မောင်ထွန်းအားခြိမ်းခြောက်ကာ မီးခံသေတ္တာအတွင်းမှ ပိုက်ဆံများအားလုယူပြီး စားပွဲပေါ်တွင် တွေ့ရှိရသော ကားသော့အားယူ၍ ဆိုင်ရှေ့တွင် ရပ်ထားသည့် YGN 4H/6543 Toyota Allion ခဲရောင်ယာဉ်အား သီဟအောင်(ခ) ဝက်ပိန်က မောင်းနှင်ယူဆောင်ကာ ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း။

ရန်ကင်းမြို့နယ် ရန်ကင်းကလေးဆေးရုံအနီး ကန်ဘဲ့လမ်းမပေါ်အရောက်တွင် ယာဉ်အား ရပ်ထားခဲ့ကြောင်း၊ ထိုမှ တစ်ဆင့် တက္ကစီငှား၍ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သုဓမ္မာလမ်းရှိ "ရွှေရိုးရာ" ဘီယာဆိုင်တွင် ဘီယာ သောက်ခဲ့ကြပြီး အခင်းဖြစ်စဉ်က ရရှိခဲ့သော ငွေကျပ်သိန်း ၂၈၀ အား မျိုးဇော်ထွန်းနှင့် ဘိုဘို(ခ)မြင့်ထွေးတို့ကို တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ စီပေး၍ သီဟအောင်(ခ)ဝက်ပိန်က ကျန်ရှိငွေကျပ်သိန်း ၂၂၀ အား ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဖြစ်စဉ်တွင် လုယက်မှုကျူးလွန်သူ တရားခံ သီဟအောင်(ခ)ဝက်ပိန်ပါ သုံးဦးအား ငွေစက္ကူရောရာ ကျပ် ၆၄၀၀၀၀၊ ဖုန်းမျိုးစုံ လေးလုံး၊ ရွှေလက်စွပ် နှစ်ကွင်း၊ ရွှေနားကပ်တစ်ရန်၊ နာရီတစ်လုံး၊ ပိုက်ဆံအိတ်တစ်လုံး၊ လုယက်မှုကျူးလွန်စဉ် ဘိုဘို(ခ)မြင့်ထွေး ဝတ်ဆင်ခဲ့သည့် ပလေကပ်ပုဆိုးတစ်ထည်နှင့် နက်ပြာရောင် တီရှပ်လက်တိုတစ်ထည်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မောတောင်မြို့ မြို့မရပ်ကွက်နေ ဟိန်းဇော်ဦး(ခ)ဖိုးအော်သည် ၎င်းအသုံးပြုသည့် "Hein Zaw Oo" Facebook အကောင့်၊ မြိတ်မြို့နယ် နောက်လယ်ရပ်ကွက်နေ မင်းမင်းလွင်(ခ)ကိုသာထူးသည် ၎င်းအသုံးပြုသည့် "Min Min Lwin" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer ဓားပြတိုက်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် သိမ်ဖြူလမ်း အမှတ်(၅၀၀) မြေညီထပ်တွင် ဖွင့်လှစ်ထားသော Ye Min Aung Money Changer သို့ အမျိုးသား သုံးဦးဝင်ရောက်လာပြီး အမျိုးသားနှစ်ဦးက သေနတ်ဖြင့်ချိန်ကာ ကျန်အမျိုးသားတစ်ဦးက ဓားမြှောင်တစ်လက်ကိုင်ဆောင်ခြိမ်းခြောက်၍ ဆိုင်ရှိ ငွေကျပ်သိန်း ၃၀၀ ခန့်နှင့် iphone တစ်လုံးကို ဓားပြတိုက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဓားပြတိုက်မှုအား တရားခံလေးဦးက ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ပြီး သုံးဦးက ဆိုင်အတွင်း ဝင်ရောက်လုယက်ကာ တစ်ဦးမှာ ဆိုင်အပြင်ဘက်ရှိ မော်တော်ယာဉ်ပေါ်၌ အသင့်စောင့်ဆိုင်းနေခဲ့သည်ကို တွေ့ရှိပြီး အခင်းဖြစ်နေရာ၌ လုယက်သူများကျန်ရှိခဲ့သည့် ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၉ မမကျည် ကိုးတောင့်နှင့် ကျည်ခွံတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဓားပြတိုက်မှုကျူးလွန်သူ တရားခံများအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့သည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်တွင် ဓားပြတိုက်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ သတင်းရယူစုံစမ်းခြင်း၊ ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်းအထောက်အထားများကို အခြေခံကာရရှိလာသော သတင်းများ ကွင်းဆက်မပြတ်ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ဓားပြတိုက်မှု ကျူးလွန်စဉ်က အသုံးပြုခဲ့သည့် မော်တော်ယာဉ်ကို မောင်းနှင်ပေးခဲ့သူ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ၁၀၃ လမ်း တိုက်အမှတ်(၂၇) ဖ လွှာ-အေနေ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်(၁၉)နှစ် (ဘ)ဦးကျော်မင်းနိုင်ကို ငွေစက္ကူရောရာ ၄၅ သိန်း၊ Redmi K30 အမျိုးအစား အပြာရောင် ဖုန်းတစ်လုံး၊ ဓားပြတိုက်မှုကျူးလွန်စဉ် ဝတ်ဆင်အသုံးပြုခဲ့သည့် အနက်ရောင်တီရှပ်အင်္ကျီလက်တို တစ်ထည်၊ အဖြူရောင်ဘောင်းဘီရှည် တစ်ထည်တို့နှင့်အတူ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ မြယာကုန်းမီးပွိုင့်တွင် စတင်ဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer ဆိုင်ဓားပြတိုက်မှု ကျူးလွန်သူများဖြစ်သည့် (ဝဲမှယာ) အောင်ရဲနိုင်(ခ)အရှည်ကြီး၊ မင်းဟိန်း(ခ)ဂွပု၊ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်နှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer ဆိုင် ဓားပြတိုက်မှု ကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိမှု**

ဦးဆောင်သူ(သေနတ်ကိုင်ငွေလုယက်သူ)

ဝေကြီး(ခ)ဝေဖြိုးအောင်



(ဖမ်းဆီးရန်ကျန်)

ဆိုင်အတွင်းဝင်ရောက်လုယက်သူ — အောင်ရဲနိုင်(ခ)အရှည်ကြီး



(ဖမ်းမိ)

ဆိုင်အဝင်ပေါက်မှစောင့်ကြည့်ပေးသူ — မင်းဟိန်း(ခ)ဂွပု



(ဖမ်းမိ)

ယာဉ်မောင်းနှင်ပေးသူ — အောင်ပိုင်ဦး(ခ)ပိုင်ပိုင်



(ဖမ်းမိ)

ဖမ်းဆီးရမိသူ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ သာကေတမြို့နယ် (၇/အရှေ့)ရပ်ကွက် သဇင်နီလမ်း အမှတ်(၉)နေ အောင်ရဲနိုင်(ခ)အရှည်ကြီး(၂၄)နှစ် (ဘ) ဦးခင်မောင်သန်းအား Redmi K30 အမျိုးအစား ခရမ်းရောင်ဖုန်းတစ်လုံးနှင့်အတူ ယင်းနေ့ နံနက် ၉ နာရီ ၃၅ မိနစ်တွင် သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် မင်းရဲကျော်စွာလမ်းထိပ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ သာကေတမြို့နယ် (ဖ/အရှေ့)ရပ်ကွက် အောင်သုခ(၂၂)လမ်း အမှတ်(၁၁၅၄)နေ မင်းဟိန်း(ခ)ဂွပု(၂၄)နှစ် (ဘ)ဦးဉာဏ်ထွန်းမြင့်အား ယင်းနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် Oppo A16K အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့်အတူ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**အဖွဲ့ဝင်လေးဦးဖြင့်**

ဖမ်းဆီးရမိသူများ၏ထွက်ဆိုချက်အရ ဓားပြတိုက်မှုအား ဝေကြီး(ခ)ဝေဖြိုးအောင်(ဖမ်းဆီးရန်ကျန်)က ဦးဆောင်ပြီး အဖွဲ့ဝင်လေးဦးဖြင့် ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်စဉ် ဝေကြီး(ခ) ဝေဖြိုးအောင်က ပစ္စတိုသေနတ်အား ကိုင်ဆောင်ကာ အောင်ရဲနိုင်(ခ) အရှည်ကြီးနှင့်အတူ ဆိုင်အတွင်း ဝင်ရောက်လုယက်ဓားပြတိုက်ခဲ့ပြီး မင်းဟိန်း(ခ)ဂွပုက ဆိုင်အပေါက်ဝတွင် အခြေအနေ စောင့်ကြည့်ပေးကာ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်က ဆိုင်အပြင်၌ မော်တော်ယာဉ်ဖြင့် အသင့်စောင့်ဆိုင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်အား ဝေကြီး(ခ) ဝေဖြိုးအောင် (ဖမ်းဆီးရန်ကျန်)က ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ငွေကျပ် ၁၇၃ သိန်းအနက်မှ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်အား ငွေကျပ် ၁၅ သိန်း၊ မင်းဟိန်း(ခ)ဂွပုအား ငွေကျပ် ၁၀ သိန်း၊ အောင်ရဲနိုင်(ခ)အရှည်ကြီးအားငွေကျပ် ၁၅ သိန်းစီ ခွဲတမ်းအဖြစ်ပေးအပ်ခဲ့ပြီး ကျန်ငွေများကို ဝေကြီး(ခ)ဝေဖြိုးအောင်က ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဓားပြတိုက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသူများဖြစ်ကြသည့် တရားခံ အောင်ပိုင်ဦး (ခ)ပိုင်ပိုင်ပါ သုံးဦးတို့အား သက်သေခံပစ္စည်းများဖြစ်သည့် ငွေစက္ကူရောရာ ငွေကျပ် ၄၅ သိန်း၊ ဖုန်းမျိုးစုံ သုံးလုံး၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၉ မမ ကျည်ကိုးတောင့်၊ ကျည်ခွံတစ်ခု၊ ပြစ်မှုကျူးလွန်စဉ် အောင်ပိုင်ဦး(ခ)ပိုင်ပိုင် ဝတ်ဆင်ခဲ့သည့် အနက်ရောင်တီရှပ်အင်္ကျီလက်တိုတစ်ထည်နှင့် အဖြူရောင်ဘောင်းဘီရှည်တစ်ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန်တရားခံဖြစ်သည့် ဝေကြီး(ခ)ဝေဖြိုးအောင်အား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ၎င်းတရားခံပြေးအား တွေ့မြင်သိရှိရပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပို့တိုင်ကြားနိုင်ပါကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်(လေ)မှ လေ့ကျင့်ရေး လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရ

နေပြည်တော် နိုဝင်ဘာ ၁၉

တပ်မတော်(လေ)မှလေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း လေ့ကျင့်ပျံသန်းစဉ် သရက်ချောင်းမြို့ တောင်ဘက် မီတာ ၉၀၀၀ ခန့်အကွာသို့ အရောက် စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်းနှင့် လေယာဉ်မှူးနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ သတင်းစဉ်



## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

## နောက်(၂)ရက်အတွက်ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။ မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၁၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၂ | ၂၀၁၄ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၉၄ | ၂၄၇၁ |
| HSD (50 ppm) | ၂၄၆၇ | ၂၅၄၆ |
| HSD (10 ppm) | ၂၄၆၇ | ၂၅၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မိုးနဲမြို့နယ်၌ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းညှိနှိုင်းဆောင်ရွက်

**မိုးနဲ နိုဝင်ဘာ ၁၉**

ပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအမှန်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိစေရန်အတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က မိမိတို့ရပ်ရွာဒေသ၊ နယ်မြေဒေသလုံခြုံရေး၊ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး အောင်ကိုထွန်းက နယ်မြေအေးချမ်းသာယာရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က မူးယစ်ဆေးဝါးကင်းစင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မှုခင်းကျဆင်းရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ခိုင်က လူဦးရေ အိမ်ထောင်စု၊ မှတ်ပုံတင်များပြုလုပ်ဆောင်ရွက်ပေးနေမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ် ကျန်းမာရေးဌာနမှ ဆရာဦးခင်မောင်လွင်က လအလိုက် ကာကွယ်ဆေးများ ထိုးနှံပေးနေမှု၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကိုကိုဝင်းက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သော အချက်များ၊ မြို့နယ်လျှပ်စစ်မှူး ဦးသိန်းသန်းစိုးက လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ခိုင်မြစည်သူက မွေးမြူရေးဆိုင်ရာ သိကောင်းစရာများနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးခွန်မောင်ဟိန်းက မြို့သန့်ရှင်းသာယာရေးစသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြသည်။



ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများ၏ မေးမြန်းတင်ပြချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**

## ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့် အခွန်ရှောင်တိမ်းမှုများ ရှင်းလင်းဆွေးနွေး

**မော်လမြိုင် နိုဝင်ဘာ ၁၉**

မွန်ပြည်နယ် အခွန်ဦးစီးဌာနမှ ဖွင့်လှစ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့် အခွန်ရှောင်တိမ်းမှုများအား ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ရှိ ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် ပြည်နယ်အခွန်ဦးစီးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့် အခွန်ရှောင်တိမ်းမှုများကို ရှင်းလင်းဆွေးနွေးပြီး အများပြည်သူများသို့ အခွန်ရှောင်တိမ်းခြင်း အခွန်ဆိုင်ရာဥပဒေများကို သိလျက်နှင့် တမင်ကြံရွယ်ချက်ဖြင့် ဖောက်ဖျက်ခြင်း၊ ပေါ့ဆမှု မရိုးဖြောင့်မှုကြောင့် အခွန်လျော့နည်းပေးဆောင်ခြင်း အစရှိသည့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေ ဆုံးရှုံးမှု ဖြစ်ပေါ်စေခြင်းတို့နှင့် ငွေကြေးခဝါချမှု ကိစ္စရပ်များကို အခွန်ပညာပေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်အခွန်ဦးစီးမှူး အားလုံးနှင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်း ၇၅ ဦး တက်ရောက်ခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံရေး အသိပညာပေးနှိုးဆော်

**မိုင်းဖြတ် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ကိုဗစ်-၁၉ဗီဇပြောင်း မျိုးကွဲသစ် အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းကို ယနေ့နံနက် ၇နာရီတွင် ဝမ်မိုင် (ကောင်းဆန်း) ရပ်ကွက်နှင့် ပါပူးကျေးရွာ၊ယန်းခမ်းကျေးရွာများသို့ အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**ရှောလမွန် (မိုင်းဖြတ် )**

# လွိုင်ကော်ကက်သလစ်သာသနာမှ ကယားပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် တွေ့ဆုံခြင်းအခမ်းအနား ကျင်းပ



**လွိုင်ကော် နိုဝင်ဘာ ၁၉**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ခရစ်တော်ဘုရင် ဘုရားရှိခိုးကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများ တက်ရောက်ကြသည်။

**အခမ်းအနားကို စတင်**

ရှေးဦးစွာ လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများက အဖွင့်ဆုတောင်းမေတ္တာဖြင့် အခမ်းအနားကို စတင်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် ကိုးကွယ်သည့်ဘာသာများ မတူညီသော်လည်း ဘာသာရေး ယုံကြည်ချက်နှင့် ဓလေ့ထုံးတမ်းများကို အခြားဘာသာဝင်များက အပြန်အလှန် လေးစားကာ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ဘာသာအသီးသီး၏ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို အလေးထားကြောင်း၊ ပြည်သူများ အေးချမ်းစွာဖြင့် နေထိုင်နိုင်ရေးနှင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးက မိတ်ဆက်စကားပြောကြားပြီး ကက်သလစ်အသင်းတော်မှ ဖာရ်သာချဲဆိုဘရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်ဇုန် ခရစ်ယာန်ဘုရားကျောင်းများအတွက် လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က ဒီးမော့ဆိုဇုန် ခရစ်ယာန်ဘုရားကျောင်းများအတွက် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖရူဆိုဇုန် ခရစ်ယာန်ဘုရားကျောင်းများအတွက် လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မယ်စဲ့ဇုန် ခရစ်ယာန်ဘုရားကျောင်းများအတွက် လည်းကောင်း စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာအသင်းတော်များမှ ဖာရ်သာများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိကျောင်းထိုင်ဘုန်းတော်ကြီးများက ဘာသာရေး၊ သာသနာရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်ကက်သလစ်သာသနာမှ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၁ နှစ်အောက် ကလပ်ပေါင်းစုံ ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၉**

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၁ အောက် ကလပ်ပေါင်းစုံ ဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက မော်လမြိုင်မြို့ ကျောင်းသားအားကစားခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဗိုလ်လုပွဲတွင် ဒိုးကလေးကလပ်အသင်းနှင့် မြို့မ FC ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပွဲစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ အကောင်းဆုံးကစားသမားဆုများ ရရှိကြသည့် ကလပ်အသင်းများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆုတံဆိပ်နှင့် ငွေသားဆုများ၊ တံခွန်စိုက်ဒိုင်းဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# နောင်ချိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**နောင်ချို နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ရပ်ကွက်များအတွင်း ယမန်နေ့ မွန်းလွဲပိုင်းက လှည့်လည်နှိုးဆော်ခဲ့ကြကြောင်း သိရသည်။

နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် မိမိတို့၏နေအိမ်တွင်သာ နေထိုင်ကြရန်နှင့် နေအိမ်ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ကြရန်၊ လူစုလူဝေးပြုလုပ်ခြင်းနှင့် သွားလာခြင်းများကို ရှောင်ကြဉ်ကြရန်၊ တစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ စနစ်တကျဆေးရန်၊ မိမိတို့၌ ရောဂါပိုးကူးစက်ခံရသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်၍ မပျက်မကွက်ဆေးကုသမှုခံယူရန် စသည့် အသိပေးချက်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မဖြစ်မနေထိုးနှံကြရန် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီနယ်မြေ၏ အသားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

စိုက်ပျိုးမွေးမြူရေးစနစ်မှာ အခြေခံအရင်းအမြစ်ဖြစ်သည့် ရေမြေလုပ်အားလယ်ယာသုံးစက်ကိရိယာများကို အကောင်းဆုံးအကျိုးရှိစွာအသုံးချပြီး လက်ရှိကုန်ကျစရိတ်၊ ထုတ်လုပ်မှုစနစ်ထက်သက်သာစေမည့် နည်းစနစ်များကို လိုက်နာကျင့်သုံးကြစေလိုကြောင်း၊ ပြည်သူများ၏ စားသောက်မှုစနစ် ပြောင်းလဲလာမှုကြောင့် အသားစားသုံးမှုတိုးတက်လာမှုနှင့်အတူ အသား ငါး လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာရေးကို ဘက်စုံမှ အားပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာတွင် ကျင်းပသည့် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၊ မိုးစပါးကောက်စိုက်စက် စိုက်ခင်းနှင့် ပေါင်းစည်းလယ်ယာ (Integrated Farming) ဆောင်ရွက်ထားရှိမှု ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။



**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ၃ အချိုး ၁ ရောစပ်အသုံးပြုခြင်း လက်တွေ့သရုပ်ပြခြင်းကိုလည်းကောင်း၊ သဘာဝမြေဆွေးပြုလုပ်ရန် ဗေဒါပင်စိုက်ပျိုးခြင်းနှင့် ငါးခူမွေးမြူထားရှိမှုကိုလည်းကောင်း၊ နို့စားနွားနှင့် ဒေသနွား၊ ဆိတ်များမွေးမြူထားရှိမှုကိုလည်းကောင်း၊ မိုးစပါး (RS-CS) မျိုးစေ့ထုတ်စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်သို့ရောက်ရှိပြီး မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ဦးကြင်ဥ၏ အသားစားကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး(ဒုတိယအကြိမ်) အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး (ဒုတိယအကြိမ်)အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ ညနေ ၃ နာရီတွင် လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မောချယ်ရီခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-11 စနစ်ဟောင်း) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို အထက်တန်းပြဆရာ ဆရာမများက သက်ဆိုင်ရာ ဘာသာရပ်များ ပေါက်မြောက်အောင်မြင်အောင် သင်ကြားနိုင်ရေး၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများက တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ ဖြေဆိုနိုင်ရေး၊ ထူးချွန်စွာ အောင်မြင်ရေးနှင့် တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်း မြင့်မားစေရေးအတွက် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် (၂၇၊ ၂၈)ရက်တွင် ပထမအကြိမ်ကျင်းပပြီးဖြစ်ကြောင်း၊ ယခုဒုတိယအကြိမ်ကို နိုဝင်ဘာ (၂၀၊ ၂၁) နှစ်ရက် ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားလိုကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သည် တက္ကသိုလ်ဝင်တန်း အောင်ချက် ၄၃ ဒသမ ၄၅ ရာခိုင်နှုန်း ရရှိခဲ့ပြီး နိုင်ငံတော်အဆင့်တွင် အဆင့်(၁၃)အနေဖြင့် ရရှိခဲ့ရာကနေ ဒီတစ်နှစ်မှာလည်း အောင်ချက်များပိုမိုမြင့်မားပြီး ဂုဏ်ထူးအများကြီး ထွက်နိုင်ကြစေရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး (ဒုတိယအကြိမ်) အလုပ်ရုံဆွေးနွေးပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှထောက်ပံ့ငွေကျပ် သိန်း ၈၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူး(ရုံးခွဲ) ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးမောင်ဌေးက လက်ခံရယူပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်း/မြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်က နည်းပြများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ပေးအပ်ရာ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်က လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



**ဆွေးနွေးသွားမည်**

အဆိုပါ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး (ဒုတိယအကြိမ်) အလုပ်ရုံဆွေးနွေးပွဲသို့ ဆရာ ဆရာမ ၈၂၈ ဦး တက်ရောက်ကာ သင်တန်းကိုနှစ်ရက်နှင့် ကျောင်း ရှစ်ကျောင်း၊ ခန်းမကိုးခု၊ ဘာသာရပ်ကိုးခုတို့ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂျူဒိုအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ကျင်းပပြီး တပ်မတော်ဂျူဒိုအားကစားပြိုင်ပွဲမှ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိအားကစားရုံ(A) ၌ ကျင်းပသည်။

ဆုပေးပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယရရှိများအား တပ်မတော်ဂျူဒိုကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး အောင်ကျော်မိုးက လည်းကောင်း၊ ပြိုင်ပွဲအလိုက်တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းများနှင့် တစ်ဦးချင်း အကောင်းဆုံးဆုရရှိသူများအား တပ်မတော်ဂျူဒိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်မျိုးသန့်က လည်းကောင်း ဆုများပေးအပ်ကြသည်။

ထို့နောက် ဂျူဒိုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခြောက်ခုဖြင့် အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့ပြင်တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ၅၁ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ)၊ ၆၀ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ)၊ ၇၅ ကီလို လူသစ်တန်း(ဗိုလ်လုပွဲ)၊ ၈၀ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ)၊ ၅၇ ကီလို ( က ) အဆင့် (အကြိုဗိုလ်လုပွဲ)၊ ၇၅ ကီလို(က) အဆင့် (ဗိုလ်လုပွဲ )၊ ၈၀ ကီလို (က) အဆင့် (ဗိုလ်လုပွဲ)၊ ၄၈ ကီလို အလွတ်တန်း(ဗိုလ်လုပွဲ )၊ ၅၇ ကီလို အလွတ်တန်း(အကြိုဗိုလ်လုပွဲ)နှင့် ၇၅ ကီလို အလွတ်တန်း(အကြိုဗိုလ်လုပွဲ)တို့ကို လည်းကောင်း၊ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြိုင်ပွဲလူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (B)၌ အမျိုးသား/အမျိုးသမီး အကြိုဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ပညာစွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အသက် ၂၅ နှစ်အောက် သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပွဲစဉ်များနှင့် ကရာတေးဒိုပြိုင်ပွဲတွင် အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား(ခ)အဆင့် ဘောလုံးပြိုင်ပွဲ တတိယလုပွဲကို အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ တတိယနေရာလုပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပစဉ်။



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကျင်းပစဉ်။

ဝတ္ထုတို

## လင်းလက်ကြယ်(လက်ပံလှ)




(၁)

"ကိုထွန်းဝေ ဆိုင်ကယ်တော့ ပါသွားပြီတဲ့ အဘလှရေ"

စောစောစီးစီး လှကြိုင်စကားကြောင့် ကျွန်တော်တို့တောင် အံ့သြသွားမိတယ်။ မအံ့သြလို့က မရဘူးလေ။ ကျွန်တော်တို့ ဆီကနေ ထွန်းဝေပြန်သွားတာ ညနှစ်နာရီလောက်ကပြန်သွားတာ။ အခုမိုးလင်းတော့ ခြောက်နာရီပဲ ရှိသေးတာ။

"အခိုးခံရတာကော ဟုတ်လို့လား။ ဖဲဝိုင်းသွားပြီး ဖဲရှုံးခဲ့တာလားမှ မသိတာ"

"အခိုးခံရတာတဲ့။ ဒါတောင် သူ့သား အကြီးကောင် နိုးပြီးဆိုင်ကယ်မမြင်လို့ မေးမှ သိရတာတဲ့"

လှကြိုင်စကားဆုံးတော့ သက်ပြင်းတို့ချလိုက်တယ်။ ပြန်တွေးရင်း ရွာအတွက် ရင်လေးနေမိတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ရွာကလေးလည်း သူခိုးသောင်းကျန်းတာခံနေရပြီ။ အရင်တုန်းက ဆိုရင် ဆိုင်ကယ်ပျောက်ဖို့ နေနေသာသာ အင်္ကျီတစ်ထည်တောင် မပျောက်ဖူးဘူး။ ရွာလို့ဆိုပေမယ့် အိမ်ခြေက ၇၀ လောက်ပဲရှိတာပါ။ အခုတော့ အိမ်ခြေ ၇၀ ရှိတဲ့ ရွာလေးမှာ မကြာမကြာဆိုင်ကယ်တွေ ပျောက်နေတာ။ ခိုးတဲ့သူကိုဖမ်းရအောင်လည်း ဘယ်သူခိုးမှန်းမသိတော့ ဖမ်းလို့ကမရဘူး။

"ဒီသူခိုးကတော့ လူရင်းထဲကပဲဖြစ်မှာ။ ဘာဖြစ်လို့လဲဆိုတော့ ကိုထွန်းဝေ ဒီကပြန်သွားတာ အချိန်နောက်ကျနေပြီဆိုတော့ အိပ်ပျော်သွားရင်အိပ်မောကျမှာပဲ။ အဲဒါကို ဆိုင်ကယ်ခိုးတဲ့ကောင်က သေချာသိလို့ ဝင်ခိုးသွားတာနေမှာ"

ညိုကြလည်း သူ့ထင်မြင်ချက်ကို ပြောလိုက်တာ။ ညို့စကားက ဖြစ်နိုင်ပေမယ့် လက်ပူးလက်ကြပ်မဟုတ်တော့ ခင်မင်သူတွေ စိတ်ဝမ်းကွဲမှာလည်း စိုးရိမ်သွားမိတယ်။

"အတိအကျ မသိဘဲနဲ့ ပြောမနေပါနဲ့ ညိုရာ။ တော်ကြာ ဥစ္စာပျောက် ငရဲရောက်ဖြစ်နေပါဦးမယ်" ညိုဆီက နောက်ထပ်စကားမထွက်အောင်လို့ သတိပေးသလိုနဲ့ ပြောလိုက်တယ်။

"အဘလှ ရွာထဲလိုက်ဦးမှာလား။ ကျွန်တော်ပြန်မှာ။ အဘလှတို့ သိအောင်လို့သာ လာပြောပြတာ"

ကျွန်တော်လည်း လူစုခွဲချင်တာနဲ့ လှကြိုင်ကို ခေါင်းညိတ်ပြရင်း ဆိုင်ကယ်ပေါ်ကို တက်ခဲ့လိုက်တယ်။

(၂)

"အဘလှ အဲဒါဘယ်သွားမလို့လဲ"

ခင်သီတာက ပန်းရန်လုပ်နေတဲ့ ကောင်လေးတွေနဲ့ စကားပြောရင်း ကျွန်တော့်ကိုမြင်တော့ လှမ်းမေးလိုက်တာ။

"သုသာန်ဘက်သွားမလို့ပါဟာ"

"အဘလှလဲ အလုပ်တွေကို ရှုပ်နေတော့တာပဲနော်။ အသက်ကြီးနေတာတောင် အေးအေးဆေးဆေးမနေရဘူး"

"ဩော်...ဒါကတော့ ကူညီသင့်တဲ့ ကိစ္စမို့လို့ ကူညီရတာပေါ့။ ဆရာမကြီးတို့မှာလည်း မိန်းမသားနှစ်ယောက်တည်း ရှိတာမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် အဘလှရယ်။ ကျွန်မတို့လည်း ဆရာ ဦးချစ်ဝေရဲ့ ကိစ္စကို မြန်မြန်ပြီးချင်ပါပြီတော်။ ယောကျ်ားဖြစ်သူက ညကြတော့ သုသာန်ကို အလှည့်ကျနဲ့သွားစောင့်ရတော့ အိမ်မှာကျန်ခဲ့တဲ့ ကျွန်မတို့မှာ သူခိုးရန် ကြောက်ရတော့ ကောင်းကောင်းကို မအိပ်ရဘူး။ ရွာနာမှာစိုးလို့ ရွာထဲ အဝင်မခံမှုပိုဆိုးနေပြီ။ အခုလည်းကြည့်လေ တစ်နေ့ထက်တစ်နေ့ ဆိုးဆိုးလာတဲ့ သူခိုးရန်ကြောက်လို့ ခြံကိုအုတ်တံတိုင်း ခတ်နေရပြီ"

ခင်သီတာက ပန်းရန်အဖွဲ့ကို လက်ညှိုးထိုးပြရင်း ညည်းတွားလေး ပြောလိုက်တာ။ ခင်သီတာအပြောကြောင့် ကျွန်တော့် အနေနဲ့ပြုံးလိုက်မိတယ်။ ဖြစ်လာတဲ့ အကြောင်းအရင်းအမှန်ကြ လက်မခံကြပဲ ဘာမှမဟုတ်တဲ့ ဆရာ ဦးချစ်ဝေကိုပဲ အပြစ်မြင်နေတာ။ ဆရာ ဦးချစ်ဝေဆိုတာ ဒီရွာရဲ့ကောင်းကျိုးတွေကို လုပ်ပေးသွားတဲ့သူ။ ဒီရွာလေးမှာကျောင်းဆရာလုပ်ရင်း ဒီက ရွာသူနဲ့အိမ်ထောင်ကျခဲ့တာ။ ပင်စင်ယူပြီးတော့လည်း ဒီရွာလေးမှာပဲ အခြေချခဲ့တဲ့သူ။ ရွာရဲ့ သာရေးနာရေးတွေကို ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်ပေးခဲ့သူ။ ဆရာ ဦးချစ်ဝေတင်မကဘူး ဆရာ ဦးချစ်ဝေရဲ့ သမီးလေးကလည်း ဒီရွာမှာ ဆရာမအဖြစ်နဲ့ ရွာရဲ့စာသင်ကျောင်းမှာ စာသင်ပေးနေတာ။ ကလေးတွေကို အသိပညာ၊ အတတ်ပညာတွေကို သင်ပေးခဲ့တဲ့ ဆရာ ဦးချစ်ဝေကိုကြတော့ ဆေးရုံမှာဆုံးလို့ ရွာထဲကိုအဝင်မခံကြဘူး။ ဒီအယူအဆတွေဟာ အခုချိန်မှာ ဘာမှအသုံးမဝင်တော့ဘူး ပြောပြတာလည်း လက်မခံကြဘူး။ ရွာနာမှာ ကြောက်လို့တဲ့။ ဘာကြောင့် ရွာနာမှာလည်းလို့ မေးတော့လည်း တိတိကျကျမပြောကြဘူး။ နောက်တော့လည်း လူများတော့ အရှုံးပေးလိုက်ရတယ်။ ဆရာ ဦးချစ်ဝေရဲ့အလောင်းကို ရွာအပြင်မှာ ထားပြီး ကျွန်တော်ဦးဆောင်ကာ သင်္ဂြိုဟ်တဲ့အထိ စောင့်ပေးနေရတာ။ဒီနေ့တော့ သင်္ဂြိုဟ်ဖို့အတွက် ပြင်ဆင်နေကြတာ။ ပြန်တွေးကြည့်တော့ ဖြစ်သင့်တာကို မဖြစ်ဘဲ မဖြစ်သင့်တာကို ဖြစ်နေတာကြောင့် ပိုစိုးသွားတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။

"အဘလှရေ သူခိုးရန်လေး ကာကွယ်ရအောင် ကြံကြပါဦးရှင်"

"ငါတို့က ဒါတွေကို ကြိုမြင်လို့ ဆရာ ဦးချစ်ဝေနဲ့အတူ ရွာထဲမှာ လောင်းကစားတွေ မဖွင့်အောင် အထက်ကိုစာတင်ဖို့ လက်မှတ်လိုက်ကောက်တော့ နင်တို့ပဲ ငြင်းကြတာပဲလေ"

"ဩော်..အဘလှရယ် အဲဒါက သူများ စီးပွားရေးလေ။ သူတို့လည်း သူတို့ ကျွမ်းကျင်ရာ လုပ်ကြတာပဲလေ။ ပြီးတော့ သူများ စီးပွားရေးလည်း တုတ်နဲ့မထိုးချင်လို့ပါတော်"

"အေး...မဟုတ်တဲ့ နေရာမှာ နင်တို့က စာနာပြီး ဟုတ်တဲ့နေရာကြတော့ မစာနာတတ်တော့ အခု တို့ရွာလေး ခံနေရတာပေါ့"

ကျွန်တော်လည်း စိတ်တိုတိုနဲ့ ခင်သီတာကို ပြောလိုက်တယ်။ ရွာအတွက် တကယ်ထိခိုက်မယ့် လောင်းကစားဝိုင်းတွေ ဖွင့်တာကိုကြတော့ ကန့်ကွက်ဖို့ကြ စာနာနေကြပြီး ကျေးဇူးကြီးမားတဲ့ ဆရာ ဦးချစ်ဝေရဲ့ အလောင်းကြတော့ ရွာထဲ အဝင်မခံတာတွေကို နှိုင်းယှဉ်ကြည့်ပြီး ဒေါသတို့လည်း ဖြစ်သွားတယ်။ ခင်သီတာနဲ့ ကြာကြာစကားပြောနေရင် ခံစားချက်တွေ ထွက်လာတော့မှာမို့ သုသာန်ကို ထွက်ခဲ့လိုက်တော့တယ်။ အတွေးထဲမှာလည်း ဖြစ်ခဲ့တာတွေကို ပြန်မြင်ယောင်နေမိတယ်။

(၃)

"ကိုယ့်ထမင်း ကိုယ်စားပြီး သူများ အငြိုးထားတာတော့ မခံချင်ပါဘူးဗျာ"

"အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ လှပိုင်ရာ။ ဆရာတို့လည်း သူတို့ကို မနာလိုလို့ အခုလိုလုပ်နေတာမှ မဟုတ်တာ။ ရွာအတွက်ကြည့်ပြီး လုပ်တာပါကွာ။ ပြီးတော့ ဆရာက ကျောင်းဆရာဖြစ်ခဲ့တော့ ကလေးတွေပျက်စီးမှာ စိုးရိမ်လို့ပါကွာ"

"ရွာအတွက်က ရွာလူကြီးတွေတာဝန်ယူပါလိမ့်မယ်ဆရာရယ်။ ကလေးတွေအတွက်ကတော့ သက်ဆိုင်တဲ့ မိဘတွေတာဝန်ယူလိမ့်မယ်ပေါ့။ ကျွန်တော်ကတော့ လက်မှတ်မထိုးပေးရဲပါဘူးဗျာ"

ရွာမှာ လောင်းကစားဝိုင်းတွေ မဖွင့်ရအောင် မြို့နယ်ရုံးကို စာတင်ဖို့ရာ ဆရာ ဦးချစ်ဝေနဲ့ ကျွန်တော်က တစ်အိမ်တက်ဆင်း လက်မှတ်လိုက်ကောက်တာ ဘယ်သူမှ ထိုးပေးတဲ့သူမရှိခဲ့ဘူး။ ကျွန်တော်နဲ့ ဆရာ ဦးချစ်ဝေသာ ပူပန်နေတာ ကျန်တဲ့သူတွေက ဘာမှတောင် မဖြစ်ဘူး။

"ကိုလှရေ တပည့်ရင်းတွေဖြစ်တဲ့ လှပိုင်တို့ ခင်သီတာတို့ကတောင် ကျွန်တော်တို့ စကားနားမထောင်တာ ကျန်တဲ့သူတွေလည်း ရမှာမဟုတ်ဘူး။ ကျွန်တော်တို့နှစ်ယောက် ကြိုးစားသလို မဖြစ်လာမှတော့ ကံကိုပဲယိုးမယ်ဖွဲ့ရမှာပေါ့ဗျာ"

လှပိုင်တို့ ခြံထဲကနေထွက်လာတော့ ဆရာ ဦးချစ်ဝေက စိတ်ဓာတ်ကျတဲ့ပုံစံနဲ့ ကျွန်တော့်ကို ပြောနေတာ။

(၄)

"နေတိုး၊ သက်မွန်မြင့်၊ ပိုင်တံခွန်"

ကလေးသံတွေ၊ မိန်းမသံတွေ၊ ယောကျ်ားတွေရဲ့ မင်းသား၊ မင်းသမီးတွေရဲ့ နာမည်ခေါ်သံတွေကြောင့် ကျွန်တော် လှည့်ကြည့်လိုက်မိတယ်။ သိချင်စိတ်နဲ့ အဲဒီခြံထဲကို ဝင်ကြည့်လိုက်မိတယ်။

"အဘလှ ပုံထိုးမို့လို့ လာတာလား"

"ဟယ်..မဟုတ်ပါဘူးကွယ်။ ဘာတွေများလုပ်နေကြလဲလို့ ဝင်ကြည့်တာပါကွာ"

ကလေးတစ်ယောက်က ကျွန်တော့်ကိုမြင်ပြီး မေးလိုက်တဲ့အတွက် သူ့အမေးကို ပြန်ဖြေလိုက်တယ်။ အဲဒီကလေးလည်း ကျွန်တော့်ကို မေးပြီးတော့ အော်နေတဲ့ လူအုပ်ကြားထဲကို ဝင်သွားတယ်။ လူအုပ်ရှိရာနေရာကို ရောက်တော့ လူအုပ်ကြီးရဲ့ အလယ်မှာ မင်းသား၊ မင်းသမီးတွေပုံပါတဲ့ ဗီနိုင်းတစ်ခုကို ခင်းထားတာ။ အဲဒီဗီနိုင်း ခင်းထားတဲ့ထိပ်မှာက အမျိုးသား နှစ်ယောက်၊ အမျိုးသမီးတစ်ယောက်။ ကျန်တဲ့လူအုပ်ကြီးကတော့ အဲဒီ သုံးယောက်နဲ့ မျက်နှာခြင်းဆိုင်မှာ ထိုင်သူကထိုင်၊ မတ်တပ်ရပ်သူက ရပ်နေတာ။ ကလေးတွေကလည်း ပတ်ပတ်လည်မှာ အော်နေကြတာ။

"ဟေး...ပိုင်တံခွန်ကွ"

ပုံးတစ်ပုံးကို ကိုင်ထားတဲ့သူက ပုံးကို ခလောက်ပြီးပုံးထဲကသံလုံးလေးတစ်ခုကို နှိုက်လိုက်တယ်။ အဲဒီသံလုံးလေးထဲကနေ အလိပ်လေးတစ်ခုကို ဆွဲထုတ်ပြီး လူအုပ်ကြီးဘက်ကို ဖြည်ပြလိုက်တာ။ သူပြလိုက်တဲ့ မဲလိပ်ထဲက မင်းသားနာမည်ကို လူအုပ်ကြီးက တစ်ပြိုင်တည်းအော်လိုက်ကြတာ။ တချို့တွေက 'ဟာ..ဟင်'နဲ့ ဝမ်းနည်းတဲ့အသံ၊ စိတ်တိုတဲ့ အသံတွေ ထွက်နေတာ။ ထိပ်မှထိုင်တဲ့ သုံးယောက်ကတော့ လက်ခုပ်တွေ တီးပြီး ဗီနိုင်းပေါ်က ပိုက်ဆံတွေကို ကြက်မွေးအတံနဲ့ သပ်ချနေတာ။ အဲဒီအထဲမှာမှ ကလေးတွေကို ကျွန်တော်သတိထားနေမိတယ်။ ကလေးတွေက ပိုက်ဆံနဲ့လည်း ဝင်မဆော့ပဲနဲ့ သူတို့က မင်းသား၊ မင်းသမီးတွေ နာမည်တွေကို ဘာလို့ အော်ခေါ်နေပါလိမ့်လို့ တွေးလိုက်မိတယ်။ ပြီးတော့ သူတို့ အော်ခေါ်နေတဲ့ မင်းသား၊ မင်းသမီးနာမည်တွေက အရှေ့ကလူအုပ်ကြီး ထိုးနေတဲ့ နာမည်တွေ မဟုတ်ဘူး။ ကလေးတွေရဲ့ အပြုအမူကို စိတ်ဝင်စားတာနဲ့ ဘေးက တခြားတစ်ယောက်ကို မေးကြည့်လိုက်တယ်။ အဲဒီလူပြောပြတော့မှ ကျွန်တော် ဘုရားတမိလိုက်တယ်။

ဒိုင်ဆိုတဲ့သူတွေက ကလေးတွေကို မုန့်ဖိုးပေးပြီး အော်ခိုင်းတာတဲ့။ ထိုးသားထိုးတဲ့ပုံ မကျတဲ့အခါဆိုရင် ဒိုင်ကကလေးတွေကို မုန့်ဖိုးပေးတယ်ဆိုပဲ။ ပြီးတော့ အခုလို မြိုင်မြိုင်ဆိုင်ဆိုင်အော်ပေးနေတော့ ထိုးချင်တဲ့သူတွေကို လာအောင် အသံပေးသလို ဖြစ်သွားတာပေါ့။ ကလေးတစ်ယောက်ကို တစ်နေ့မုန့်ဖိုး တစ်ထောင်နှစ်ထောင်ရတယ်တဲ့။ တချို့ကလေးတွေက အဲဒီမုန့်ဖိုးနဲ့ လောင်းကစားပြန်ဆော့ကြတာတဲ့။ မြင်ရတာရယ်၊ ကြားရတာတွေကြောင့် ရင်လေးသွားမိတယ်။ အနာဂတ်အတွက် လူရည်ချွန်လေးတွေက အတုမြင် အတတ်သင်ဆိုတဲ့အတိုင်း ငယ်ငယ်ရွယ်ရွယ်နဲ့ လောင်းကစားဝိုင်းတွေနဲ့ ရင်းနှီးနေကြတာ။ ကလေးတွေ ဒီလို လောင်းကစားဝိုင်းတွေမှာ ရှိနေတာ တိုင်းပြည်အတွက်၊ ရပ်ရွာအတွက် ဘယ်လောက် အန္တရာယ်များလည်းဆိုတာ လူကြီးမိဘတွေ မသိကြဘူးလားမသိဘူး။ သူခိုးလေးကနေ သူခိုးကြီးဖြစ်ဆိုတဲ့ အသုံးအနှုန်းရှိနေတာကို လူတွေမစိုးရိမ်ဘူးလား။ ပြီးတော့ ရပ်ထဲရွာထဲမှာ လောင်းကစားတွေ လုပ်နေတာဟာ သူခိုးမွေးမြူနေတာဆိုတာ နားမလည်ဘူးလားမသိဘူး။ စီးပွားရေးသမားကတော့ ဘယ်သူသေသေ ငတေမာရင် ပြီးရောတွက်ထားမှာ။

အဲဒီနေ့က မြင်ခဲ့တာတွေ၊ တွေ့ခဲ့တာတွေကို ဆရာ ဦးချစ်ဝေကို ပြောပြလိုက်တာ။ ဆရာ ဦးချစ်ဝေလည်း ကျွန်တော် စိုးရိမ်သလိုစိုးရိမ်ပြီး အဲဒါတွေကို ပိတ်ပင်ဖို့ မြို့နယ်ရုံးကို စာတင်ဖို့အတွက် ကြိုးစားခဲ့တာတွေက အရာမထင်တော့ဘူး။ ဘယ်သူမှ မပါသလို လူလည်းမညီခဲ့တော့ဘူး။ အခုတော့ ကျွန်တော်နဲ့ ဆရာဦးချစ်ဝေလည်း ကိုယ့်အိမ်ကိုယ် ပြန်ခဲ့လိုက်တယ်။

(၅)

"တူဝေဝေ"

ကြေးစည်ထုသံကြောင့် တစ်ချိန်က ဖြစ်ခဲ့တာတွေ ပြန်တွေးနေရာမှ လက်ရှိ အခြေအနေကို သတိဝင်လာမိတယ်။ သုသာန်ထဲကို ကျွန်တော်ရောက်တော့ ဆရာ ဦးချစ်ဝေရဲ့ အလောင်းကို မြေမြှုပ်ဖို့ လုပ်နေကြပြီ။ ကျွန်တော်လည်း မြေမြှုပ်တဲ့ လူအုပ်ရှိရာကို သွားခဲ့လိုက်တယ်။

(၆)

"ဖေဖေရဲ့ နောက်ဆုံးခရီးလေးကို မငြိုမငြင် ကူညီပေးတဲ့ အဘလှကို သမီး အရမ်းကျေးဇူးတင်ပါတယ် အဘလှရယ်"

ဆရာ ဦးချစ်ဝေ အလောင်းကိုမြေမြှုပ် သင်္ဂြိုဟ်ပြီးတော့ ဆရာမလေးက ကျွန်တော့်ကို လာကန်တော့ရင်း ပြောလိုက်တာ။

"မလိုပါဘူး သမီးရယ်။ ကူညီရမယ့် သူတွေမို့ ကူညီပေးတာပါကွယ်။စိတ်ထဲ ဘာမှ ထားမနေပါနဲ့ကွယ်"

ကျွန်တော့်ကို ကန်တော့နေတဲ့ ဆရာမလေးကို ထဖို့ထူရင်း ပြောလိုက်တယ်။ တကယ်ဆိုရင် ကျွန်တော်က ဆရာမလေးတို့ သားအမိကို အားနာနေမိတယ်။ သူတို့မိသားစုမှာဖြစ်နေတဲ့ အခက်အခဲကို ကျွန်တော်မဖြေရှင်းနိုင်ခဲ့ဘူး။ ရွာမှာ လောင်းကစားတွေ မဖွင့်အောင် စာတင်ဖို့ လက်မှတ်ကောက်ပြီးတဲ့နောက် ဆရာ ဦးချစ်ဝေတစ်ယောက် နေမကောင်းဖြစ်နေတာ။ ရွာမှာရှိတဲ့ ဆရာနဲ့ ကုလို့မပျောက်တော့ မြို့ပေါ်က ဆေးရုံမှာကုရတာ။ ဆေးရုံမှာကုပေမယ့် မကယ်နိုင်ခဲ့ဘူး။ အသက်မပါတဲ့ ဆရာဦးချစ်ဝေရဲ့ အလောင်းကို နာရေးကားနဲ့ ဆရာမလေးတို့ သားအမိက ရွာကိုပြန်သယ်လာခဲ့တယ်။ သူတို့မှာ အားကိုးစရာ ဖခင်ဆုံးလို့ ယူကျုံးမရဖြစ်နေပါတယ်ဆိုမှ ရွာရောက်တော့ လူသေအလောင်းကို ရွာထဲ မသယ်ရတဲ့ဓလေ့ကြောင့် အခက်အခဲတွေဖြစ်ခဲ့ရတာ။ အဲဒီတုန်းကလည်း ကျွန်တော့်မှာ ဘာမှမကူညီနိုင်ခဲ့ဘူး။ နောက်တော့ ညှိနှိုင်းမှုလေးနဲ့ အားလုံးအဆင်ပြေအောင်လို့ ဆရာ ဦးချစ်ဝေအလောင်းကို မြေမြှုပ်မယ့်နေ့ထိ ကျွန်တော်ကဦးဆောင်ပြီး စောင့်ပေးမယ်လို့ စီစဉ်လိုက်ရတာ။ အဲဒီအတွက် ဆရာမလေးက ကျွန်တော့်ကို ကျေးဇူးတင်နေတာ။ အခုတော့ ဆရာ ဦးချစ်ဝေ အလောင်းလေးလည်း မြေမြှုပ်ပြီးလေပြီ။ ဆရာ ဦးချစ်ဝေရဲ့ နောက်ဆုံးခရီးလေးကို လိုက်ပို့ကြတဲ့ လူတွေလည်း အားလုံးပြန်ကုန်ကြပြီ။ သုသာန်ပြင်ဟာလည်း တိတ်ဆိတ်နေလေတော့တယ်။ ကျွန်တော်လည်း ဆရာ ဦးချစ်ဝေ မြေပုံလေးနားသွားပြီး ဆရာ ဦးချစ်ဝေကို နှုတ်ဆက်လိုက်တယ်။ ကျွန်တော့်နားထဲမှာတော့ ဆရာ ဦးချစ်ဝေမသေခင်တုန်းက ပြောခဲ့တဲ့ စကားတွေကို ပြန်ကြားနေမိတယ်။

"ကိုလှရေ၊ တစ်ခါတလေမှာ လူတွေက တလွဲဆံပင်လုပ်တတ်ကြတယ်။ ထူးတာနဲ့ ရှူးတာကို မကွဲကြဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အိမ်တွေမှာ ကာထားတဲ့ ထရံကိုကြည့်ပါလား။ သူမှာ အပြင်ဘက် ထားရမှာနဲ့ အတွင်းဘက် ထားရမှာဆိုတာရှိတယ်ဗျ။ အဲဒါကိုမှ ထူးခြင်လို့အတွင်းဘက်ထားပြီး ကာရမယ့် ထရံကို အပြင်ထားပြီးကာရင်တော့ မသိတဲ့သူကတော့ ထူးရင်ထူးမှာပေါ့။ သိနေတဲ့သူကတော့ ရှူးနေတာ၊ မှားနေတာလို့မြင်မှာပဲ။ အခုလည်း ဒီရွာက လူတွေကလည်း အတွင်းထရံကို အပြင်ကို ကာနေကြတာ။ ကျွန်တော်တော့ ရင်လေးတယ်ဗျာ"

ဆရာ ဦးချစ်ဝေရဲ့စကားတို့ကို ပြန်ကြားရင်း အုတ်ဂူလေးအနားကနေ ရွာဘက်ကိုပြန်ခဲ့လိုက်တယ်။ ။

## လမြတ်နတ်တော်

သဇင်ပန်းတွေ ဖူးပွင့်စီ
နတ်တော်လရာသီ၊
မြန်မာပြည်ရှာ နယ်တစ်ဝန်း
စာပေပွဲတွေလွှမ်း။
စာဝန်ထမ်းလို့ ပြည်တစ်ခွင်
ကြိုးစားအလှဆင်၊
တတ်သိမြော်မြင် ဉာဏ်ရည်ထက်
တိုင်းကျိုးပြည်ကျိုးရွက်။
သက်ကြီးဝါကြီး စာဆိုတော်
ဦးခိုက်တို့ပူဇော်၊
ထူးခြားထင်ပေါ် စာပေများ
သားမြေးဆက်ခံပွား။
ဘိုးဘွားတို့ရဲ့ စာအမွေ
ထိန်းသိမ်းကြစို့လေ၊
စာပေဂုဏ်ရည်မြင့်ပါမှ
လူမျိုးတင့်မည်ပ။ ။

သူရအောင်(ရွှေပြည်သာ)

## ဟေမာန်ဆောင်းဦး အလှထူး

မိုးဝဿန် ခြေရာဖျောက်တော့
ရောက်ပြန်ပေါ့ ဆောင်းရာသီ။
ထက်ဝဋ္ဋာ တိမ်စင်ကင်း
မြူနှင်းဝေပြီ။
ဖူးပွင့်ကြ ပန်းချယ်ရီ
ငွေနှင်းရည် ဖြာဝေဆမ်း။
ပန်းသဇင် ပင်ယံမြင့်မှာ
ဖူးပွင့်လို့လန်း။
ပန်းခွာညို အသွင်ဆန်းလို့
ခဝဲပန်းတို့ မွှေးနံ့ကြိုင်။
လင်းအရုဏ် ချမ်းတုန်အေး
နှင်းဖွေးဖွေးဖြိုင်။
လမြတ် တန်ဆောင်တိုင်
ဆီမီးမြိုင် ပူဇော်ကြ။
ချစ်စရာ ဟေမာန်ဆောင်းမှာ
ပန်းပေါင်းစုံလှ။
မြောက်ပြန်လေ မြူးခုန်က
မြူထတဲ့ ဟေမာန်ခါ။
ကျေးငှက်တွေ သံစုံမြူးလို့
ကြည်နူးသံသာ။
လယ်စပါးတို့ ဝင်းရွှေဝါ
ရိတ်သိမ်းကာ တောင်သူအပေါင်း။
စပါးပေါ်ချိန် အလှူပေးလို့
အေးမြတဲ့ဆောင်း။ ။

မင်းဝေအောင်(ရဲကျွန်း)

ဆောင်းပါး

# လမ်းလျှောက်ကျန်းမာ ပျော်စရာ

## မင်းသူရိန်(သာကီနွယ်)

လမ်းလျှောက်ခြင်းသည် အခမဲ့အကျိုးရှိစေသော အားကစားတစ်မျိုးဖြစ်ပါသည်။ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"ဆိုသည့် သီချင်းစာသားလေးအား ငယ်ငယ်ကအမြဲကြားဖူးကြမည်ဟု ထင်ပါသည်။ လမ်းလျှောက်ခြင်းဆိုသည်မှာ ခန္ဓာကိုယ်မှ အင်အားကို အများအပြားမကုန်ခန်းစေဘဲ စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွ၍ ကျန်းမာနုပျိုစေသည့် အားကစားတစ်မျိုးလည်းဖြစ်၏။ နေ့စဉ်လုပ်နေသည့် အလုပ်လည်းဖြစ်သကဲ့သို့ သင်ကြားစရာမလိုသော အလွယ်ကူဆုံးနည်းလမ်းပေတည်း။ ဂရိဆရာဝန်ဟစ်ပိုကရေးတီးစ်မှ လမ်းလျှောက်ခြင်းကို ညွှန်းဆိုခဲ့သည့် ဆိုရိုးစကားတစ်ခုရှိ၏။ ယင်းမှာ "ကျွန်ုပ်၏ဆရာဝန်နှစ်ပါးမှာ ဘယ်ခြေထောက်နှင့် ညာခြေထောက်များဖြစ်ကြသည်"ဟု မှတ်သားဖူးပါသည်။ ကျွန်ုပ်တို့ကမ္ဘာကြီး၌ ဆေးဝါးပစ္စည်းများဖြင့် ကုသအစားထိုးမှုမရနိုင်သော စိတ်ပိုင်းဆိုင်ရာရောဂါများကို (အများအားဖြင့်) လျော့ကျလာအောင် စွမ်းဆောင်နိုင်သည်မှာ "လမ်းလျှောက်ခြင်း" အားကစားပင်ဖြစ်လေ၏။ ဤအချက်အားမည်သူငြင်းနိုင်မည်နည်း။

မနက်စောစောထ၍ လမ်းလျှောက်ခြင်းသည် အကောင်းဆုံးလေ့ကျင့်ခန်းဖြစ်၏။ လမ်းလျှောက်လေ့ကျင့်ခန်းလုပ်မည်ဆိုပါလျှင် လေကောင်းလေသန့်ရသော နေရာများတွင် အထူးသင့်လျော်ပါသည်။ ပထမဦးစွာ ငါးမိနစ်ခန့်မျှ ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ခြင်းဖြင့် သွေးပူအောင်ပြုလုပ်မည်။ ကိုယ်ဟန်အနေအထားကိုလည်း ဖြောင့်မတ်စွာထား၍ တံတောင်ဆစ်နှင့် ဒူးအား ၆၀ ဒီဂရီခန့်ကွေးထားရမည်။ လက်ကို လက်ခုပ်သဏ္ဍာန်ပြုလုပ်ထား၍ ဆုပ်မထားရပေ။ တံတောင်ဆစ်ကို ခန္ဓာကိုယ်နှင့် ကပ်လျက်လက်နှစ်ဖက်အား ရှေ့နောက်လွှဲ၍ လျှောက်ရမည်။ သွေးပူလာပြီးနောက် ခြေဖနောင့်ကို မြေကြီးနှင့် စ ထိစေပြီးမှ ခြေချောင်းများကို အားပြု၍ နောက်ထပ်တစ်လှမ်းချင်း သွက်လက်စွာ လှမ်းရပါမည်။ ပုံမှန်လမ်းလျှောက်ခြင်းထက် ပိုမိုမြန်ဆန်စွာ လုပ်ဆောင်ပေးသင့်သည်။ သို့သော် လမ်းလျှောက်ခြင်းလေ့ကျင့်ခန်း လုပ်နေစဉ်တွင် သင့်၏ ကိုယ်ခန္ဓာတုံ့ပြန်မှုကို အထူးအာရုံစိုက်ပေးရပါမည်။ အဘယ်ကြောင့်ဆိုသော် ပင်ပန်းလွန်းသည်ဟု ခံစားရပါက "အရှိန်လျှော့လိုက်ပါ" သို့မဟုတ် ခဏအနားယူသင့်ပါသည်။ အများအားဖြင့် လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာကို ဒဏ်မဖြစ်စေသောကြောင့် အရိုးအဆစ်များနှင့် ကြွက်သားများကို ထိခိုက်နာကျင်မှုနည်းပါးစေပါသည်။အသက်အရွယ်မရွေး လွယ်ကူစွာလုပ်ဆောင်နိုင်သော အားကစားနည်းဖြစ်ပါသည်။

မနက်စောစောထ၍ လမ်းလျှောက်ခြင်းသည် အကောင်းဆုံးလေ့ကျင့်ခန်းဖြစ်၏။ လမ်းလျှောက် လေ့ကျင့်ခန်းလုပ်မည်ဆိုပါလျှင် လေကောင်းလေသန့်ရသော နေရာများတွင် အထူးသင့်လျော်ပါသည်။ ပထမဦးစွာ ငါးမိနစ်ခန့်မျှ ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ခြင်းဖြင့် သွေးပူအောင်ပြုလုပ်မည်။ ကိုယ်ဟန်အနေအထားကိုလည်း ဖြောင့်မတ်စွာထား၍ တံတောင်ဆစ်နှင့် ဒူးအား ၆၀ ဒီဂရီခန့်ကွေးထားရမည်။ လက်ကို လက်ခုပ်သဏ္ဍာန်ပြုလုပ်ထား၍ ဆုပ်မထားရပေ

မြန်မာနိုင်ငံတွင် မျိုးရိုးဗီဇအရ သို့မဟုတ် အထိုင်များခြင်းကြောင့် အဝလွန်သူများစွာ ရှိကြပါသည်။ အဝလွန်နေသဖြင့် မိမိကိုယ်ကို စိတ်ပျက်စရာမလိုဟု အကြံပြုစကားနှင့် အားပေးချင်ပါသည်။ စလုပ်ဖို့သာ လိုသည်။ တကယ်လုပ်လျှင် အဟုတ်ဖြစ်ပါ၏။ အဝလွန်နိုင်ခြေများသောသူများသည် တစ်နေ့လျှင် တစ်နာရီခန့် လမ်းလျှောက်လေ့ကျင့်ခန်းကို စနစ်တကျဖြင့် ပြုလုပ်ပေးမည်ဆိုပါက မျိုးရိုးဗီဇအရ အဝလွန်ဖြစ်နိုင်သည့် ရာခိုင်နှုန်းကို ထက်ဝက်ခန့် လျော့ကျသွားနိုင်ပါသည်။ ထိုကဲ့သို့ လေ့လာမှုကို ဟားဗက်တက္ကသိုလ်ရှိ ပြည်သူ့ကျန်းမာရေးဘာသာရပ်လေ့လာချက်အရ တွေ့ရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် လမ်းလျှောက်ခြင်းအကျိုးကျေးဇူးများကြောင့် ကယ်လိုရီများစွာ လောင်ကျွမ်းသွားစေခြင်း၊ သွေးလည်ပတ်မှုကောင်းစေခြင်း၊ နှလုံးသွေးကြောများကို ထိခိုက်ပျက်စီးစေတတ်သော ထရိုင်ဂလစ်စရိုက်အဆီကို လျော့ကျစေခြင်း၊ စိတ်ခံစားမှုကောင်းစေသည့် အန်ဖော်ဖင်ဟော်မုန်းဓာတ် အထွက်နှုန်းတိုးလာစေခြင်းကြောင့် စိတ်ကျကုသဆေးထက် ပို၍အကျိုးအာနိသင်ရှိခြင်း၊ အိပ်စက်မှုကောင်းစေခြင်း၊ မှတ်ဉာဏ်ထက်သန်စေခြင်း၊ အရိုးနှင့်ကြွက်သားသန်မာစေခြင်း၊ အမြင်အာရုံနှင့် ခုခံအားစနစ်ကောင်းမွန်စေခြင်း စသည့်များစွာသော ကျန်းမာရေးကို အထောက်အကူဖြစ်စေပါသည်။

လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်ထဲမှ ပျော်ရွှင်မှုနှင့်ဆက်စပ်နေသောဓာတ်များ အထွက်တိုးလာစေပြီး ခန္ဓာကိုယ်အပူရှိန်မြင့်တက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးသည် တည်ငြိမ်ပေါ့ပါးလန်းဆန်းသွားစေသည်။ ထို့အပြင် စိတ်ကြည်လင်တက်ကြွစေသောကြောင့် နိစ္စဓူဝ၌ လူမှုဆက်ဆံရေးသည် အဆင်ပြေချောမွေ့စေပြီး မိမိကိုယ်ကို ယုံကြည်မှုတိုးလာစေပါသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ စီးပွားရေးကြောင့်သော်လည်းကောင်း၊ စိတ်ထိခိုက်စေသောအဖြစ်အပျက်များကြောင့် သော်လည်းကောင်း စိတ်ကျသောဝေဒနာခံစားနေရသူ အများအပြားရှိကြသည်ကို တွေ့မြင်ကြလိမ့်မည်။ စိတ်ဓာတ်ကျ၍ အရက်သောက်ခြင်းဖြင့် စိတ်ဖြေသိမ့်နေမည့်အစား လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းကို အစားထိုးပြုလုပ်သင့်သည်ဟု အကြံပြုလိုပါသည်။ ထူးခြားမှု တစ်စုံတစ်ရာကြောင့် သင့်၏ ပြဿနာလျော့ပါးသွားစေမှာ အမှန်ပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လမ်းလျှောက်ခြင်းဖြင့် စိတ်ဓာတ်ကျစေသည့် ရောဂါလက္ခဏာများကို သိသိသာသာလျော့ပါးနိုင်သည်ဆိုသည့် လေ့လာမှုမှတ်တမ်းရလဒ်ကို စိတ်ကျန်းမာရေးဂျာနယ်၌ အတိအလင်း ဖော်ပြထားပြီးသားဖြစ်ပါသည်။ ထို့ကြောင့် ငွေကုန်ကြေးကျမရှိသော ကုစားခြင်းဟုလည်း ဆိုနိုင်ပေ၏။

ထို့နောက် လမ်းလျှောက်ခြင်းသည် စိုက်ထုတ်အား အများအပြားသုံးစွဲရန် မလိုအပ်ပေ။ တစ်နေ့လျှင် မိနစ် ၃၀ လမ်းလျှောက်မည်ဆိုပါက ခန္ဓာကိုယ်ထဲရှိ နှလုံးနှင့်သွေးလည်ပတ်မှု အားကောင်းစေပြီး စိတ်ကျရောဂါ၊ အရိုးအဆစ်ရောင်/အရိုးပွရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အဝလွန်ခြင်းနှင့် ကိုယ်အလေးချိန်ကို လျော့ကျစေနိုင်ခြင်း၊ ကျောက်ကပ်အဆီဖုံးခြင်း၊ သွေးထဲ၌ မလိုအပ်သော ကိုလက်စထရောနှင့် ကယ်လိုရီများကို လျော့ကျစေခြင်း အစရှိသော လက္ခဏာရပ်များကို ကာကွယ်နိုင်သောအစွမ်းသတ္တိရှိ၏။ ကျန်းမာရေးရှုထောင့်အရ ကြည့်မည်ဆိုပါလျှင် ကျန်းမာရေးအခြေအနေမရွေး၊အသက်အရွယ်မရွေး၊ လူသားတိုင်းပြုလုပ်နိုင်ခြင်းမှာ ထိုလေ့ကျင့်ခန်း၏ ကောင်းကွက်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် "လမ်းလျှောက်ကျန်းမာပျော်စရာ" ဘဝများကို ပိုင်ဆိုင်ကြပါစေဟု ဆန္ဒပြုရင်း တင်ပြလိုက်ရပါတော့သည်။ ။

## ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

မြူနှင်းတွေက တဖြောက်ဖြောက်
ဆောင်းလရာသီရောက်၊
လမ်းလျှောက်ပါစို့ တို့တစ်တွေ
ချီတက်ကြမယ်လေ။
မြောက်လေပြည်က ပက်ကာဖျန်း
တက်ကြွလို့ရွှင်လန်း၊
ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာ
ကောင်းကျိုးရစေမှာ။
အရိုးဆစ်သန်မာ ဖို့အရေး
ကိုယ်လက်လှုပ်ရှားပေး၊
သွေးလည်ပတ်မှု ကောင်းပါလျှင်
ပေါ့ပါးစိတ်ကြည်လင်။
လမ်းလျှောက်ခြင်းတွင် အကျိုးများ
ပြည့်ဝစိတ်ခွန်အား၊
စားဝင်ပြီးတော့ အိပ်လို့ပျော်
ရောဂါကင်းစေသော်။
ကျန်းမာဖို့နော် အမြဲတမ်း
အတူလျှောက်လို့လှမ်း။
စိတ်နှလုံးရွှင်လန်း။ ။

မောင်လူစိုး

## နတ်တော်ရာသီ စာပန်းချီ

စာသဘင် ဆင်ယင်နွှဲတဲ့
နတ်တော်ပွဲလို့ သတ်မှတ်သည်။
စာဆိုတော် ရှင်ကာမြူး
ထူးခြားမှုတည်။
နတ်တော်လ အခါရာသီ
တေးစာစီ ခြယ်သမှုန်း။
ဘဝင်ကို သိမ်မွေ့လွှမ်းတယ်
ဖျန်းပက်နှင်းဖုံး။
ဟေမန်ချိန် နတ်တော်လ
ရာသီလှ ပန်းပေါင်းစုံ။
ငွေနှင်းတွေ ဖွဲဖွဲဆင်းသမို့
မြူနှင်းများဆုံ။
တောင်သူများ ပဲ,နှမ်းပုံ
မြူးကခုန် စပါးပွဲ။
အလှူပေး ပါလို့
ကူဖေးကာ ဝိုင်းဝန်းပြုတယ်
သာစုခေါ်နွှဲ။ ။

မောင်မျိုးချစ်(အညာမြေ)

# မြန်မာ့ကမ်းရိုးတန်းများ ဒီရေတောများဖြင့် စိမ်းလန်းနေမှ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးမည်

**မေယု-မျိုးအောင် (MANA)**



မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီရေတောများ အများဆုံးပေါက်ရောက်လျက်ရှိသည်။ ဒီရေတောများသည် သဘာဝဘေးအန္တရာယ်ကို အကောင်းဆုံးအကာအကွယ်ပေးလျက်ရှိသော သစ်ပင်များဖြစ်ပြီး ကမ်းရိုးတန်းဒေသနေပြည်သူများအတွက် အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ပံ့ပိုးပေးနိုင်သည့်အပြင် ရေထွက်ကုန်သယံဇာတများ တိုးပွားရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် ဂေဟစနစ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကို လျှော့ချနိုင်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ပေါများလှသည့် မြစ်ချောင်း၊ အင်းအိုင်၊ ရေဝေရေလဲဒေသများ ပျက်စီးပြုန်းတီးမှုဖြစ်ပေါ်ပါက အနယ်အနှစ်များ မြစ်ချောင်းများအတွင်း စီးဆင်းပို့ချခြင်း၊ ရေစီးကြောင့် မြေပြိုတိုက်စားခြင်း၊ ရေကြီးခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်မှုမရှိခြင်း၊ မြစ်ချောင်းများ တိမ်ကောစေခြင်း၊ စိုက်ပျိုးမြေများ ရေတိုက်စားမှုကြောင့် ပျက်စီးခြင်းတို့အပြင် ရေသယံဇာတကို အများပြည်သူအတွက် အသုံးချနေသည့် ရေကြောင်းခရီး၊ မွေးမြူရေးနှင့် ရေမှစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများပါ ထိခိုက်မှုများရှိလာနိုင်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့်နိုင်ငံများစာရင်းတွင် ပါဝင်နေသဖြင့် အပူချိန်မြင့်တက်မှု၊ အအေးလှိုင်းဖြတ်မှု၊ မိုးသည်းထန်မှု၊ မိုးခေါင်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်မှု၊ မုတ်သုံကာလတိုတောင်းမှု စသည့်ပုံမှန်မဟုတ်သောဖြစ်စဉ်များကြောင့် ပြည်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ထိခိုက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မိုးကြိုကာလ၊ မုန်တိုင်းကာလများတွင် ဆိုင်ကလုန်းမုန်တိုင်းများ ပေါ်ပေါက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများအဖို့ မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုပြင်ဆင်ထားရမည်ဖြစ်သည်။

**ကဗ္ဗီးပျိုးပင်ပေါင်း ၈၀၂၄၄ ပင် စိုက်ပျိုးခဲ့**

ကမ္ဘာတစ်ဝန်းတွင် လွန်ခဲ့သည့် နှစ် ၄၀ အတွင်း ဒီရေတောဖုံးလွှမ်းနေသည့် ဧရိယာသည် ထက်ဝက်နီးပါး လျော့ကျသွားခဲ့ပြီဖြစ်သည်။ ဒီရေတောများ ဆုံးရှုံးမှုသည် ကုန်းနေသစ်တောများထက် သုံးဆမှ ငါးဆပိုများသည်။ ပျက်စီးမှုနှုန်းသည် တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းခန့်ရှိနိုင်ပြီး ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ကမ္ဘာတစ်ဝန်းရှိ ဒီရေတောများ၏ ၂၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိဆုံးရှုံးခဲ့ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလဆန်းက အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်ရှိ ရွာတစ်ရွာသည် ဂင်းနစ်ကမ္ဘာ့စံချိန်သစ် မှတ်တမ်းဝင်လိုသဖြင့် ရွာ၏ကမ်းခြေတစ်လျှောက်တွင် ၂၄ နာရီအတွင်း ကဗ္ဗီးပျိုးပင်ပေါင်း ၈၀၂၄၄ ပင် စိုက်ပျိုးခဲ့သည်။ နှစ်နှစ်အကြာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဆူမားတြား၌ ငလျင်လှုပ်ပြီးနောက် တမီလ်နာဒူးကမ်းရိုးတန်းသို့ ဆူနာမီဝင်ရောက်ခဲ့သည်။ အနီးနားရှိဒေသများသို့ ကြီးမားသော လှိုင်းလုံးကြီးများ ဝင်ရောက်ခဲ့သဖြင့် ကမ်းရိုးတန်းဒေသရှိ လူအများအပြားထိခိုက်ဒဏ်ရာရပြီး သေဆုံးသူ ၈၀၀၀ ဝန်းကျင်ရှိခဲ့သည်။ အဆိုပါရွာလေးသည် ဆူနာမီဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ အကြောင်းရင်းမှာ ရွာသူရွာသားများ စိုက်ပျိုးခဲ့သော ကဗ္ဗီးပင်တောအုပ်က အသက်ကိုကယ်တင်ပေးခဲ့သောကြောင့်ဖြစ်သည်။

> **ဒီရေတော တစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန်မက်ထရစ် ၁၇ တန်ကို စုပ်ယူထိန်းသိမ်းထားနိုင်သဖြင့် ကမ္ဘာကြီးပူနွေးလာမှု လျှော့ချရေးအတွက် လွန်စွာအရေးကြီးသည်။ ပင်လယ်မှလာသော မုန်တိုင်း၊ ဒီရေနှင့် ဆူနာမီလှိုင်းများကို ဒီရေတောများက ကြံ့ကြံ့ခံပြီး အရှိန်ကိုလျှော့ချပေးနိုင်သလို မြစ်ချောင်းများမှ နုန်းပို့ချမှုများကို ခိုင်မြဲအောင်ထိန်းသိမ်းပေးသည့်အတွက် ကုန်းမြေကိုခိုင်ခံ့စေပြီး တိုးပွားစေသည်။ ဒီရေတောအပင်များ၏ အထက်ပိုင်းတွင် ငှက်များမှီခိုနေထိုင်ကြပြီး ဒီရေတောမျောက်မျိုးများနှင့် တွားသွားသတ္တဝါများလည်း ရှင်သန်ကျက်စားကြသည်။ ဒီရေတောအောက်ပိုင်းများသည် ငါး၊ ပုစွန်၊ ကဏန်းကဲ့သို့သော ရေသတ္တဝါများ ပေါက်ဖွားရေးအတွက် အရေးကြီးသောနေရာများလည်းဖြစ်**


ကမ်းရိုးတန်းဒေသရှိ အပင်များနှင့်ဒီရေတောများသည် ဒီရေလှိုင်းဒဏ်ကို ခံနိုင်ရည်ရှိသဖြင့် ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်သည်။ ဒီရေတောများသည် ကမ်းရိုးတန်းသယံဇာတဖြစ်သည်။ ဒီရေတောများသည် အပင်မျိုးစုံပေါက်ဖွားရာအရပ်ဖြစ်ပြီး မြေဆီလွှာကို ထိန်းသိမ်းပေးခြင်း၊ ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုကို ကာကွယ်ပေးခြင်း၊ လှိုင်းဒဏ်၊ လေဒဏ်တို့ကို ကာကွယ်ပေးသည့် ခံတပ်ကြီးများဖြစ်ခြင်း၊ လူ့အသုံးအဆောင်များဖြစ်သော ထင်း၊ မီးသွေးနှင့် သစ်များ ထုတ်ယူနိုင်ခြင်း၊ ငါး၊ ပုစွန်၊ ကဏန်းစသည့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ဖွားရာ နေရာဖြစ်ခြင်းတို့ကြောင့် လူသားများအတွက် တန်ဖိုးမဖြတ်နိုင်သည့် သဘာဝလက်ဆောင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်စေသော ဖန်လုံအိမ်အာနိသင်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ဒီရေတောနှင့်ကမ်းရိုးတန်း ဂေဟစနစ်များက အမြောက်အမြားစုပ်ယူသိုလှောင်ထားနိုင်သည်။ ကမ္ဘာအနှံ့ရှိ ဒီရေတောများသည် လူသားတို့၏ မဆင်မခြင်လုပ်ဆောင်မှုများကြောင့် ပုံစံအမျိုးမျိုးဖြင့် ခြိမ်းခြောက်ခံနေကြရသည်။

**ဒီရေတောများသည်**
**အဖိုးတန်သဘာဝသယံဇာတများဖြစ်**

မြန်မာနိုင်ငံသည် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းများကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည့်အလျောက် ဒီရေတောပိုင်ဆိုင်မှုအနေဖြင့်လည်း ကမ္ဘာ့အဆင့်တွင် သတ္တမ၊ အာရှအဆင့်တွင် တတိယအများဆုံးနိုင်ငံဖြစ်သည်။ ဒီရေတောများသည် အဖိုးတန်သဘာဝသယံဇာတများဖြစ်သည်ကို သတိမပြုမိသူများက အများစုဖြစ်ရာ မိမိတို့နိုင်ငံတွင် ပိုင်ဆိုင်ထားသည့် ဒီရေတောများကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပျက်စီးဆုံးရှုံးသွားသည့် ဒီရေတောများကို ပြန်လည်စိုက်ပျိုးပြုစုပျိုးထောင်ခြင်းများအား အလေးအနက်ထား ဆောင်ရွက်သွားရန် လိုအပ်သည်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းကို အပိုင်းသုံးပိုင်း ပိုင်းခြားနိုင်သည်။ ပထမအပိုင်းမှာ နတ်မြစ်ဝမှ မော်တင်စွန်းအထိပါဝင်သော ရခိုင်ကမ်းရိုးတန်း၊ ဒုတိယအပိုင်းမှာ မော်တင်စွန်းမှ စစ်တောင်းမြစ်ဝအထိ ပါဝင်သော မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းနှင့် တတိယအပိုင်းမှာ စစ်တောင်းမြစ်ဝမှ ဘုရင့်နောင်အငူအထိပါဝင်သော တနင်္သာရီကမ်းရိုးတန်းတို့ဖြစ်သည်။ အဆိုပါကမ်းရိုးတန်းဒေသများနှင့် ပင်လယ်ကျွန်းများတွင် ဒီရေတောများပေါက်ရောက်လျက်ရှိရာ မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများမှာ ပျက်စီးပြုန်းတီးမှု အများဆုံးဖြစ်ပြီး ရခိုင်တွင် ဒုတိယအများဆုံးနှင့် တနင်္သာရီရှိ ဒီရေတောများတွင်လည်း ပျက်စီးမှုများရှိနေကြောင်း သတင်းများတွင် တွေ့ရသည်။

ဒီရေတောများပျက်စီးရသည့် အဓိကအကြောင်းများမှာ ဒီရေတောများမှ ထင်း၊ မီးသွေးများထုတ်ယူခြင်းနှင့် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်းပြီး ပုစွန်ကန်၊ ငါးကန်၊ ဆားကွင်းနှင့် အခြားမြေအသုံးချမှုများ ပြုလုပ်ခြင်းကြောင့်ဖြစ်သည်ဟုသိရသည်။ ဒီရေတောများ၏ သဘာဝပတ်ဝန်းကျင် အကျိုးပြုမှုများသည် လူသားတို့အတွက် လွန်စွာပင်အရေးပါလှသည်။ ဒီရေတောတစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန်မက်ထရစ် ၁၇ တန်ကို စုပ်ယူထိန်းသိမ်းထားနိုင်သဖြင့် ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေးအတွက် လွန်စွာအရေးကြီးသည်။ ပင်လယ်မှလာသော မုန်တိုင်း၊ ဒီရေနှင့် ဆူနာမီလှိုင်းများကို ဒီရေတောများက ကြံ့ကြံ့ခံပြီး အရှိန်ကိုလျှော့ချပေးနိုင်သလို မြစ်ချောင်းများမှ နုန်းပို့ချမှုများကို ခိုင်မြဲအောင် ထိန်းသိမ်းပေးသည့်အတွက် ကုန်းမြေကိုခိုင်ခံ့စေပြီး တိုးပွားစေသည်။ ဒီရေတောအပင်များ၏အထက်ပိုင်းတွင် ငှက်များမှီခိုနေထိုင်ကြပြီး ဒီရေတောမျောက်မျိုးများနှင့် တွားသွားသတ္တဝါများလည်း ရှင်သန်ကျက်စားကြသည်။ ဒီရေတောအောက်ပိုင်းများသည် ငါး၊ ပုစွန်၊ ကဏန်းကဲ့သို့သော ရေသတ္တဝါများ ပေါက်ဖွားရေးအတွက် အရေးကြီးသောနေရာ များလည်းဖြစ်ရာ ဒီရေတောများ ပျက်စီးပြုန်းတီးပါက ငါး၊ ပုစွန်၊ ကဏန်းများလည်း ရှားပါးသွားလေ့ရှိသည်။

စာမျက်နှာ ၂၃ သို့ ●




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဖီးနှစ်စ်နှင့် အတွေးပုံရိပ်များ

စာရေးသူ ဒေါက်တာမြင့်သန်း(ညောင်လေးပင်) စီစဉ်ရေးသားသည့် ဖီးနှစ်စ်နှင့် အတွေးပုံရိပ်များစာအုပ် ထွက်ရှိလာသည်။

ဘဝခရီးလမ်းဆိုတာ ကြမ်းတမ်းတာတွေရှိသလို ချောမွေ့တာတွေလည်းရှိနေတယ်ဆိုတဲ့စကားဟာ သိပ်ရိုးရှင်းပါတယ်။ လောကဓမ္မသဘာဝကိုလည်း ထင်ဟပ်စေပါတယ်။ စာထဲမှာ၊ စကားတွေထဲမှာသာ တွေ့နေ၊ ကြားသိနေရပေမယ့် တကယ့်ဘဝခရီးကို အချိန်အတိုင်းအတာတစ်ခုအထိ လျှောက်မိခဲ့ပြီးမှာတော့ ဒီအဆိုစကား မှန်လှတယ်လို့ ခံစားမိပါတယ်။


နိမ့်လိုက် မြင့်လိုက် ပျော်ရွှင်ဖွယ်တွေရှိသလို၊ စိတ်ပျက်ဖွယ်၊ မချမ်းမြေ့ဖွယ်တွေလည်း ကြုံရလိုက်နဲ့ အတောမသတ်သွားနေရတဲ့ ခရီးလမ်းတစ်ခုလို့လည်း တွေးမိပါတယ်။

အထူးသဖြင့် မြင့်တယ်ထင်ရာက နိမ့်ကျသွားတဲ့အခါမျိုးမှာ စိတ်ဓာတ်ကပါ ထိုးဆင်းသွားတတ်ပါတယ်။ ဒါကြောင့် စိတ်နဲ့ပတ်သက်တဲ့ ဝေဒနာတွေပါ ထပ်ဆောင်းခံကြရတတ်တာတွေ တွေ့ရပါတယ်။

ဖီးနှစ်စ်ငှက်ကလေးတွေလို ပြာပုံထဲကနေ အားသစ်လောင်း ပြန်လည်နိုးထ အားမာန်သစ်တွေနဲ့ ဘဝကို ရင်ဆိုင်လျှောက်လှမ်းနိုင်သူတွေဟာ ဘဝမှာ အောင်မြင်သူတွေဖြစ်ကြတာကို တွေ့ရမှာပါ။

အခက်အခဲပြဿနာတွေနဲ့ကြုံတဲ့အခါ လက်မြှောက်အရှုံးပေးမယ်ကြံလိုက်တာနဲ့ ဒုက္ခတွင်းထဲ နှစ်ခါရောက်သွားသလို ဖြစ်မှာတဲ့။ ဒုက္ခဆိုတာ ယာယီသာပါ။ သတိ၊ သတ္တိတွေမွေးပြီး ရင်ဆိုင်လိုက်စမ်းပါ။ ဖီးနှစ်စ်ငှက်ကလေးလို ပြာပုံထဲရောက်သွားတာတောင် ကြိုးစားနိုးထရင်း ရင်ဆိုင်လိုက်စမ်းပါဆိုတဲ့ စိတ်သတ္တိတွေမွေးပြီး ဘဝကို ဆက်လက်ရင်ဆိုင်လျှောက်လှမ်းကြဖို့ဟု ထိုစာအုပ်တွင် စိတ်ဓာတ်ခွန်အားကို ဖြည့်ဆည်းနိုင်စေရန် ရေးသားထားသည်။

**စာအုပ်ကို ရှင်မတောင်စာပေ အမှတ်(၂၈-က) အနော်မာ(အနောက်) (၃) လမ်း ၁/ သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၇၁၃၉၄၇၇ နှင့် ၀၉-၇၉၈၁၈၉၁၄၈ တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။**




## သမုဒယ အနုသယသံသရာ

စာရေးသူ ဇာနည် စီစဉ်ရေးသားသည့် သမုဒယ အနုသယသံသရာ စာအုပ် ထွက်ရှိလာသည်။

ဆရာဇာနည်၏ သမုဒယ အနုသယကဗျာများတွင် အညာဝန်းကျင်၊ ရပ်ရွာဝန်းကျင် တောဓလေ့၊ ရွာဓလေ့များ ဖော်ညွှန်းသည့် လောကထဲမှ အလှကဗျာများကိုလည်း တွေ့ရသည်။ လူ့ဘဝ၏ ဆင်ခြင်တွေးတောဖွယ် အလှထဲမှ ဘဝကဗျာများကိုလည်း တွေ့ရသည်။ ကုသိုလ်၊ အကုသိုလ်တို့ကို သိမြင်လျက် ကျင့်ကြံလိုက်နာဖွယ် ဘဝထဲမှ ဓမ္မကဗျာများကိုလည်းတွေ့ရသည်။ ဤအကြောင်းအရာ နယ်ပယ်သုံးခုတွင် ကဗျာဖွဲ့နည်းအမျိုးအစားစုံလင်စွာဖြင့် အလင်္ကာတန်ဆာ၊ အနက်တန်ဆာ၊ ဂယက်အနက် ကဗျာဝါကျများကို ရှင်းလင်းပြေပြစ်စွာ ရေးဖွဲ့ထားသည်မှာ နှစ်သက်ဖွယ်ကောင်းလှသည်။ ဤကဗျာများသည် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ ရုပ်ရှင်အောင်လံမဂ္ဂဇင်း၊ health for all အလှအပနှင့် ကျန်းမာရေးမဂ္ဂဇင်းနှင့်တကွ ဓမ္မရတနာ၊ ဓမ္မရံသီ၊ ဓမ္မရိပ်၊ ဓမ္မဒူတ၊ ရတနာမွန်၊ ရတနာတံခွန် စသည့် သုတ၊ ရသ၊ ဓမ္မမဂ္ဂဇင်း စာနယ်ဇင်းပေါင်းစုံတွင် ဖော်ပြပါရှိပြီး ကဗျာများပင်ဖြစ်သည်။

အရာရာကို ပြောဆိုခြင်းနည်းတကာတွင် ကဗျာဖြင့်ပြောနည်းသည် အလှဆုံးဖြစ်သောနည်း၊ အကောင်းဆုံး စွဲထင်စေသောနည်း၊ အကျယ်ပြန့်ဆုံး ထိရောက်စေသောနည်း၊ အထိဆုံး၊ အမိဆုံး၊ အငြိဆုံးနည်းဟု စာရေးသူက ခံယူထားသည်။

ထို့ကြောင့် နှလုံးသားဝိညာဉ် အသက်ရှင်နေသမျှကာလပတ်လုံး နှလုံးသားဖြင့် ကဗျာရေးနေဦးမည်ဖြစ်သည်။ ယခု သမုဒယ အနုသယသံသရာ ကဗျာများသည်လည်း စာဖတ်သူတို့အတွက် ထိစေ၊ မိစေ၊ ငြိစေပါတော့ဟူ၍ စာရေးသူက ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကို ရှင်မတောင်စာပေ အမှတ်(၂၈-က) အနော်မာ(အနောက်) (၃) လမ်း ၁/သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၇၁၃၉၄၇၇နှင့် ၀၉-၇၉၈၁၈၉၁၄၈ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

● စာမျက်နှာ ၂၂ မှ

### တစ်နှစ်လျှင် ကေထောင်ဂဏန်းမျှသာရှိ

ကမ္ဘာ့ဒီရေတောဧရိယာ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံသည်လည်း အကြောင်းအမျိုးမျိုးဖြင့် ယိုယွင်းပျက်စီးလျက်ရှိသည်။ လူဦးရေတိုးပွားလာမှုနှင့်အတူ ရေတိုအကျိုးစီးပွားအတွက် မဆင်မခြင်ခုတ်ယူခြင်း၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမြေအတွက် မြေယာတိုးချဲ့ခြင်း၊ ပြောင်ခုတ်ထွင်ရှင်းလင်းခြင်း၊ ဒေသဆိုင်ရာအာဏာပိုင်တို့၏ စီမံခန့်ခွဲမှုအားနည်းခြင်းနှင့် မသမာမှုများရှိနေခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ လူအသေအပျောက် များပြားခဲ့ခြင်းမှာ ဒီရေတောများ ပြုန်းတီးနေခြင်းက အခြေခံအကြောင်းတရားဖြစ်ခဲ့သည်။ ဒီရေတောများ ဧကပေါင်းမြောက်မြားစွာ ပြုန်းတီးနေသော်လည်း ပြန်လည်စိုက်ပျိုးနိုင်မှုမှာ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ဧကထောင်ဂဏန်းမျှသာရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်းအရ ဒီရေတောများ စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်လျာထားသည့် ဒီရေတော ၂၉၆၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သစ်တောဦးစီးဌာနရုံးချုပ် ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနမှ သိရသည်။ မြန်မာနိုင်ငံ သစ်တောများပြန်လည်ထူထောင်ရေး စီမံကိန်းအရ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ယခုအချိန်အထိ ဒီရေတောဧက ၁၇၇၉၀ စိုက်ပျိုးပြီးဖြစ်သည်။ ၂၀၂၂ ခုနှစ် မိုးရာသီတွင် ဒီရေတော ၂၉၆၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ဒီရေရောက်သောနေရာများတွင် ဒီရေတောစိုက်ပျိုးပေးသည်ဟု အဆိုပါဌာနမှ သိရသည်။

ဒီရေတောများကို ဧရာဝတီတိုင်းဒေသကြီး၌ လပွတ္တာ၊ ဖျာပုံနှင့်ဘိုကလေး၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းနှင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တို့တွင် ဒီရေထိစပ်သည့်နေရာများ၌ ဒီရေတောပင်များဖြစ်သည့် လမု၊ လမဲ့၊ ကနစို၊ ဗြူးခြေထောက် စသည့် အပင်များကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ စိုက်ပျိုးရာတွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ဧက ၄၀၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ၁၂၅ ဧကနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ဧက ၂၈၀၀ စုစုပေါင်း ၂၉၆၅ ဧကကို မူလလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်သည်။

### သဘာဝခံတပ်ကြီးများ

မြန်မာနိုင်ငံ သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်းကို ၁၀ နှစ်စီမံကိန်းအဖြစ် ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ စီမံချက်ချမှတ်စိုက်ပျိုးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ယခုအချိန်အထိ ဒီရေတောစိုက်ဧက ၁၇၇၉၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ ဒီရေတောများ ဆုံးရှုံးမှုမရှိစေရေးအတွက် အားလုံးက ကြိုးပမ်းကြရမည်ဖြစ်သည်။ သဘာဝခံတပ်ကြီးများဖြစ်သော ဒီရေတောကို အချိန်မီမထိန်းသိမ်းနိုင်ပါက သဘာဝဘေးကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အချို့ကို ပြင်းထန်စွာခံစားရမည်မှာ မလွဲကေန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာစုစုပေါင်း၏ ၃ ဒသမ ၉ ရာခိုင်နှုန်း (၁၁၀၇၇၄၅ ဧက) သည် ဒီရေတောများဖြစ်ပြီး ဒေသခံပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုလျက်ရှိသည်။ ဒီရေတောများ ပြန်လည်ထူထောင်မှုများပြုလုပ်ရာတွင် ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်းစီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော်လျက်ရှိရာ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ မြင့်မားသည်နှင့်အမျှ မြန်မာ့ကမ်းရိုးတန်းများတွင် ဒီရေတောများဖြင့် စိမ်းလန်းလှပနေမည့်အပြင် ငါး၊ ပုစွန် သယံဇာတများပေါများကာ ဒေသခံပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## မော်ဘီမြို့နယ် အခြေခံပညာရေးကျောင်းများ၌ ဂျူဒိုဘာသာရပ်များ ပူးတွဲသင်ကြား

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်က မှော်ဘီမြို့နယ်နှင့် တပ်မြို့စည်ပင်သာယာရှိ အခြေခံပညာ ကျောင်းသားလူငယ်မောင်မယ်များအား ဂျူဒိုဘာသာရပ်များကို လက်တွေ့သင်ကြားပို့ချနေသော စံပါယ်ခြံမူလတန်းလွန်နှင့် အင်းတိုင်ကျေးရွာ မူလတန်းကျောင်းတို့အား ယမန်နေ့တွင် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အလုပ်အမှုဆောင်များ သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဂျူဒိုဘာသာရပ်ကို မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ မူလတန်းမှ အထက်တန်းသင် ကျောင်းသား ကျောင်းသူများ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်မှုရှိစေပြီး ပညာသင်ယူရာတွင် စိတ်ပျော်ရွှင်စွာ သင်ကြားနိုင်ရေး၊ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုများ ရရှိပြီး အပြန်အလှန်လေးစားမှုနှင့် လိုက်နာမှုအလေ့အကျင့်ကောင်းများကို ဖော်ထုတ်ပေးနိုင်ကာ တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်များကို မြှင့်တင်ပေးနိုင်မည့်အပြင် နိုင်ငံတကာရှိ ဂျူဒိုအဖွဲ့ချုပ်များ၏ ခေတ်စနစ်နှင့်အညီ ပြောင်းလဲနေသော ဂျူဒိုအားကစားနည်းစနစ်များကိုလည်း အွန်လိုင်းမှတစ်ဆင့် လေ့လာသင်ယူနိုင်ရန် ဟန်ဂေရီနိုင်ငံ ဘူတာဘတ်မြို့ရှိ နိုင်ငံတကာ ဂျူဒိုအဖွဲ့ချုပ်(IJF)နှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း အဖွဲ့ချုပ်အတွင်းရေးမှူးက ပြောသည်။

ဂျူဒိုဘာသာရပ်များကို အခြေခံပညာကျောင်းများ၌ သင်ကြားနိုင်ရန် ဟန်ဂေရီနိုင်ငံရှိ နိုင်ငံတကာဂျူဒိုအဖွဲ့ချုပ်က ဂျူဒိုဘာသာရပ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ပြိုင်ပွဲများကိုလည်း အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို ပြုလုပ်ပေးနိုင်ရန် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က စီစဉ်လျက်ရှိကြောင်း အဖွဲ့ချုပ်အတွင်းရေးမှူးက ဖြည့်စွက်ပြောကြားသည်။

### တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတွင် IJF ထောက်ပံ့မှု အစီအစဉ်ဖြင့် ၂၀၂၂ - ၂၀၂၃ ခုနှစ် ဖွင့်လှစ်မည့် ဂျူဒိုဘာသာရပ်သင်ကြားမည့် ကျောင်းများမှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အထက(၂)တွင် ကျောင်းသား ကျောင်းသူ ၁၇၁ ဦး၊ မှော်ဘီ လေထီးကျောင်း အလက(၂) တွင် ၂၁၁ ဦး၊ စံပါယ်ခြံမူလွန်ကျောင်းတွင် ၁၅၄ ဦး တို့ကို သင်ကြားပေးလျက်ရှိပြီး လှည်းကူးမြို့နယ် အထက၊ ရဲမွန်တပ်မြို့ အထက ကျောင်းခွဲ လှည်းကူးနှင့် ဖောင်ကြီး အထကတို့တွင် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



**သတင်းနှင့် ဓာတ်ပုံ - စောရွှေဂွန်း**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၉၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူ ၁၂၆၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၂၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။






ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးအတွက် အသိပညာ ပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်း များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများ အား ဒေသခံပြည်သူများ လက်ဝယ် အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# မိုင်းယောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံ

**မိုင်းယောင်း နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် နိုဝင်ဘာ ၁၈ ရက်က ဒေသခံပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။

**ညှိနှိုင်းဆောင်ရွက်**

ကာကွယ်ဆေးထိုးနှံပေးမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန စုရပ်တွင် မြို့ပေါ်ကိုးရပ်ကွက်နှင့် ပါဟုတ်အုပ်စု ပြည်သူများကိုလည်းကောင်း၊ ဝမ်လဲစုရပ်တွင် ဝမ်တပ်နှင့် ပေါ့ဖ အုပ်စု ပြည်သူများကိုလည်းကောင်း၊ နားဖန်းစုရပ်တွင် ဝမ်ဘိုးအုပ်စု ပြည်သူများကို လည်းကောင်း၊ ဝမ်ကောင်းစုရပ်တွင် ဝမ်ကောင်း အုပ်စု ပြည်သူများကိုလည်းကောင်း၊ မုန်းလိုက်စုရပ်တွင် မုန်းလိုက်အုပ်စု ပြည်သူများကိုလည်းကောင်း၊ ဝမ်မန်းစုရပ်တွင် ဝမ်မန်းအုပ်စု ပြည်သူများကိုလည်းကောင်း၊ ဟောင်ကြန့်စုရပ်တွင် ဟောင်ကြန့်အုပ်စု ပြည်သူများကိုလည်းကောင်း ကျန်းမာရေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# မိုင်းယုမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအကြိမ် ထိုးနှံ

**မိုင်းယု နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တွင် ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီး ခြောက်လ ပြည့်သည့် အသက်(၁၈)နှစ် အထက် ပြည်သူများကို ယမန်နေ့မှ စတင်၍ မိုင်းယုမြို့တွင်းရှိ စုရပ်ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ဘုန်းကြီးကျောင်းများ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအကြိမ် စတင်ထိုးနှံပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ကာကွယ်ဆေး ထိုးနှံပေးနေမှုကို မြို့အုပ်ချုပ်ရေးမှူး ဦးလောထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။



ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး စတုတ္ထအကြိမ် ပထမအသုတ် ထိုးနှံမှုခန့်မှန်းဦးရေမှာ ၃၃၄ ဦး ဖြစ်ပြီး အဆိုပါ ရပ်ကွက်/ကျေးရွာ အုပ်စုများရှိ လာရောက်မထိုးနှံနိုင်သေးသည့် ပြည်သူများကို သတ်မှတ်အုပ်စု စုရပ်နေရာတို့၌ ကွင်းဆင်းကာ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုနိုင်**

## အနုပညာ

# ကာတာကမ္ဘာ့ဖလားတေးသီချင်းအတွက် ကာဗာဓာတ်ပုံ ဂျုံးဂုဖော်ပြ

ကာတာနိုင်ငံမှာ ကျင်းပမယ့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုံးဂုပါဝင်ဖျော်ဖြေမှာဖြစ်ပါတယ်။ လက်ရှိမှာ သူဟာ ကာတာကို ရောက်ရှိနေပြီဖြစ်ပြီး သူပါဝင်ဖျော်ဖြေမယ့် တေးသီချင်း အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ကာဗာဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ် ဂျုံးဂုအနေနဲ့ နိုဝင်ဘာ ၂၀ မှာ ကျင်းပမယ့် ကမ္ဘာ့ဖလားဖွင့်ပွဲမှာ ပါဝင်ဖျော်ဖြေမှာဖြစ်ကြောင်း သူ့ရဲ့အေဂျင်စီက ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ နိုဝင်ဘာ ၁၉ ရက်မှာ သူပါဝင်ဖျော်ဖြေမယ့် တေးသီချင်းအတွက် ကာဗာဓာတ်ပုံကို ထုတ်ဖော်ပြသလာတာပါ။ အဆိုပါတေးသီချင်းကို Dreamers လို့ အမည်ပေးထားပြီး ဂျုံးဂုအနေနဲ့ ကမ္ဘာ့ဖလားဖွင့်ပွဲမှာ စင်မြင့်ထက်မှာ ပါဝင်ဖျော်ဖြေမှာလည်း ဖြစ်ပါတယ်။




**အေးပြည့်- စုစည်းသည်**

# ဘန်အက်ဖ်လက်ခ်နဲ့ လက်ထပ်ပြီးနောက် သူ့ရဲ့အမည်ပြောင်းခဲ့တဲ့အပေါ် ဂုဏ်ယူမိကြောင်း ဂျနီဖာလိုပက်ဇ်ဆို

မင်းသား ဘန်အက်ဖ်လက်ခ်နဲ့ အဆိုတော်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်တို့ဇနီးမောင်နှံဟာ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်ပါတယ်။ ဘန်နဲ့လက်ထပ်ခဲ့ပြီးနောက် သူ့ရဲ့ နာမည်မှာ ခင်ပွန်းအမည်ထပ်တိုးကာ ပြောင်းလဲခဲ့မှုအပေါ် ဂျနီဖာလိုပက်ဇ်က သူ့အနေနဲ့ ဒီအပြောင်းအလဲကို ဂုဏ်ယူမိကြောင်း ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၅၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်ဟာ လာမယ့်ဒီဇင်ဘာလထုတ် Vogue မဂ္ဂဇင်းအတွက် ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ သူ့ရဲ့လက်ထပ်ပြီးအခြေအနေတွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဂျနီဖာလိုပက်ဇ်က သူ့အနေနဲ့ ဘန်နဲ့ လက်ထပ်ပြီးနောက် ဘဝမှာ ပြည့်ပြည့်ဝဝထိန်းချုပ်ခံလိုက်ရတယ်လို့ ခံစားရကြောင်းလည်း ဆိုပါတယ်။

ဂျနီဖာလိုပက်ဇ်က “လူတွေက ကျွန်မကို ဂျနီဖာလိုပက်ဇ်လို့ပဲ ခေါ်နေဆဲပါ။ ဒါပေမယ့် ကျွန်မရဲ့တရားဝင်အမည်က မစ္စအက်ဖ်လက်ခ်ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က အတူပေါင်းစည်းခဲ့ကြပါပြီ။ ကျွန်မတို့က ဇနီးမောင်နှံတွေပါ။ ဒီအတွက်လည်း ကျွန်မဂုဏ်ယူပါတယ်” လို့ အင်တာဗျူးမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပမည်



ရန်ကုန် နိုဝင်ဘာ ၁၉

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်တွင် ပြိုင်ပွဲအမျိုးအစား ၂၀ တန်းခန့်၊ ရေကူးတွင်အလွတ်တန်းအမျိုးအစား ၁၆ တန်းခန့်၊ စစ်တုရင်ပြိုင်ပွဲတွင် မျက်စိအမြင်၊ မျက်စိမမြင်၊ ကိုယ်အင်္ဂါမသန်စွမ်း အတန်းခွဲကာ တန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၌ ထူးချွန်သော မျိုးဆက်သစ် မသန်စွမ်းအားကစားသမားများကို မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မသန်စွမ်းလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ၀၉-၄၀၃၈၆၃၉၉၂၊ ၀၉-၉၈၉၂၉၈၉၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ဗလစိုး**


## မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀ဝိ/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝိ/- | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀ဝိ/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန်နေ့ဆွမ်း | ကျပ်-၁၅၀၀၀ဝိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို(6.8.2020)မှစတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
-မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
-KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
-AGD Bank(MGTN), A/c 3240301000254013
-CB Bank A/C 0002600 1000 28851
AYA Bank A/C 40020682989
A - Bank A/C – 0014010200009553
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက် ၃၇ လမ်းနှင့် ၃၈ လမ်းကြားဗိုလ်ချုပ်လမ်းမ၊ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉၇၉၅၇၉၅၇၉၀


# AFF Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်းရန် လေးပွင့်ဆိုင်ခြေစမ်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

2022 AFF Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်းရန် လေးပွင့်ဆိုင်ခြေစမ်းပွဲ ပထမနေ့ကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ အစိမ်းရောင်အသင်းနှင့် ယူ-၂၂ အသင်း အနိုင်ရခဲ့သည်။

နံနက်ပိုင်းကျင်းပသည့်ပွဲတွင် အစိမ်းရောင်အသင်းက အနီရောင်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကစားသမားအင်အားပိုသာသည့် အစိမ်းရောင်အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အစိမ်းရောင်အသင်းသည် လက်ရွေးစင်အသင်းအတွက် အမာခံဖြစ်လာနိုင်သည့် ကစားသမားအများစုပါဝင်လာသဖြင့် အသာစီးရကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

လက်ရွေးစင် အစိမ်းရောင်အသင်းတွင် ဒေးဗစ်ထန်၊ သီဟထက်အောင်၊ နန္ဒကျော်၊ လှိုင်းဘိုဘို၊ ကျော်မင်းဦး၊ ရန်ကျော်ထွေး၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ကစားပြီး အနီရောင်အသင်းတွင် ဆန်းဆက်နိုင်(ဂိုး)၊ ဝင်းမိုးကျော်၊ လားဒင်မောရ၊ ရဲရင့်အောင်-၁ တို့ ပါဝင်ကစားခဲ့သည်။ ကစားသမားအင်အားအသာရသည့် အစိမ်းရောင်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူကာဂိုးပြတ်ခဲ့ခြင်းဖြစ်သည်။ အစိမ်းရောင်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ၂၀၊ ၅၆၊ ၇၂ မိနစ်တို့တွင် သုံးဂိုးသွင်းယူကာ ဟက်ထရစ်ရခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၁၃၊ ၄၀ မိနစ်တွင် အီစိုး၊ မိနစ် ၆၀ တွင် ရဲရင့်အောင်-၂၊ ၆၉ မိနစ်တွင် မြတ်ကောင်းခန့်၊ ၈၁ မိနစ်တွင် ရန်ကျော်ထွေးတို့က သွင်းယူခဲ့သည်။



လက်ရွေးစင် အစိမ်းရောင်အသင်းအတွက် ဆဋ္ဌမဂိုးကို မြတ်ကောင်းခန့် သွင်းယူစဉ်။

ညနေပိုင်း ကျင်းပသည့်ပွဲတွင် ယူ-၂၂ အသင်းက လက်ရွေးစင် အဝါရောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရွေးစင်အဝါရောင်အသင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ ကျော်ဇင်လွင်၊ ရန်နိုင်ဦး၊ ရာဇာအောင်၊ ဟိန်းဇေယျာလင်း စသည့်ကစားသမားများ ပါဝင်ကစားခဲ့ပြီး ယူ-၂၂ အသင်းမှာမူ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့်အသင်းဖြစ်သည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသော်လည်း ၄၈ မိနစ်တွင် ဇော်ဝင်းသိန်းက ပင်နယ်တီမှတစ်ဆင့် ယူ-၂၂ အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ မိနစ် ၅၀ တွင် ရာဇာအောင်က အဝါရောင်အသင်းအတွက် ချေပဂိုးပြန်သွင်းယူခဲ့သော်လည်း ယူ-၂၂ အသင်းအတွက်အနိုင်ဂိုးကို ၈၅ မိနစ်တွင် အောင်ကျော်အေးက ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။

လေးပွင့်ဆိုင်ခြေစမ်းပွဲ ဒုတိယနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် အဝါရောင်အသင်းနှင့် အနီရောင်အသင်း၊ ညနေ ၄ နာရီတွင် အစိမ်းရောင်အသင်းနှင့် ယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်ဝတ်ကျောင်းလမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက်၏ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂½x၆၀)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဖြိုးလှိုင် [၁၂/ပဇတ(နိုင်)၀၂၈၈၀၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အခန်းတန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၃၆/၉၁)**
**အမှတ်(၁၅)၊ ဒုတိယထပ်၊ ၂၅-လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ ၅၁၉၄၉၉၈၊ ၀၉- ၇၉၅၁၉၄၉၉၈၊ ၀၉-၇၆၅၁၉၄၉၉၈**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉ -လမ်း၊ အမှတ် (၃၄) ၃-လွှာ(ယာ)နေ ဒေါ်မြင့်မြင့်အေး [၁၀/မလမ(နိုင်)၁၈၄၄၄၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(ဦးကိုကို) [၁၀/မလမ(နိုင်)၀၉၁၆၉၈]-ဒေါ်မြင့်မြင့်အေးတို့၏ သမီးဖြစ်သူ ဒေါ်ဥမ္မာကို [၁၀/မလမ(နိုင်)၀၀၀၄၃၁] သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး၊ မိခင်အားဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၆၄)**
**အမှတ်(၄၄)၊ ၁၂၂-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၅၀၄၃၉၅၅**


○ **အမျိုးသမီးမှ**

အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၄၀ မိနစ်တွင် ခင်မာလာထွန်း၊ ၂၇ မိနစ်တွင် ပေမာနှစ်းစိုး၊ ၄၄ မိနစ်တွင် ယဉ်လွန်းအိမ်၊ ၈၁ မိနစ်တွင် ရွှေရည်ထွန်းနှင့် ၈၆ မိနစ်တွင် နှင်းပွင့်အေးတို့က သွင်းယူခဲ့သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ၁၀ ပွဲကစား ရမှတ် ၂၈ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ၁၀ ပွဲကစား ရမှတ် ၁၂ မှတ် ရရှိထားသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပသည့်ပွဲတွင် Young Lionesses အသင်းက တနင်္သာရီအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ Young Lionesses အသင်းသည် ယခုရာသီတွင် တတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ Young Lionesses အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀၊ ၆၀ တွင် နှင်းဝေနှင်း၊ ၆၆ မိနစ်တွင် အကူမွန်ရန်၊ ၈၇ မိနစ်တွင် ချမ်းမြေ့ထွန်းတို့က သွင်းယူခဲ့သည်။ Young Lionesses အသင်းသည် ၁၀ ပွဲကစား ရမှတ် ကိုးမှတ်ရထားပြီး တနင်္သာရီအသင်းမှာမူ ၁၁ ပွဲကစား ၁၁ ပွဲရှုံးဖြင့် အမှတ်မရသေးပေ။

ပွဲစဉ်(၁၂) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၂၀ ရက် (ယနေ့)တွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

❖ **ONE 163 မှ**

အိုကာမီသည် နောက်တစ်ကြိမ်ထပ်ချုပ်ရန် ကြိုးပမ်းရာ အောင်လအန်ဆန်၏ ဒူးတိုက်ချက်မိပြီး ယိုင်ဆင်းကာလဲကျခဲ့ပြီး အောင်လအန်ဆန်က တရစပ်ထိုးသတ်ခဲ့သည်။ အောင်လအန်ဆန်သည် ပွဲသိမ်းနိုင်ရန် တရစပ်ထိုးသတ်ရာ ၁ မိနစ် ၄၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက်ထိုးသတ်သည့်ပွဲတွင် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ဖေဖော်ဝါရီလက ထိုးသတ်သည့်ပွဲတွင် ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်ကို အရေးနိမ့်ခဲ့ပြီး ယခုပြန်လည်ထိုးသတ်သည့် စိန်ခေါ်ပွဲတွင် အိုကာမီကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အိုကာမီသည် အဖွဲ့အစည်းမျိုးစုံနှင့် ပြိုင်ပွဲများ ထိုးသတ်ဖူးသူဖြစ်ပြီး ယခုပွဲတွင်မူ အောင်လအန်ဆန်ကို ပွဲအစ နှစ်မိနစ်အတွင်းမှာပင် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - ONE**

# ပုံမှန်ပွဲထွက်ကစားခွင့်ရရန် ရုန်းကန်နေရသည့် ဂျက်ဂရီယယ်လစ်ရှ်က လာမည့်နှစ်တွင် မန်စီးတီးအသင်း၏ ရောင်းချခံရမည့်အရေး စိုးရိမ်နေ

အင်္ဂလန်တိုက်စစ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ဟာ မန်စီးတီးအသင်းနဲ့အတူ ဒုတိယရာသီမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ရုန်းကန်နေရတာကြောင့် လာမယ့်နှစ် အပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချခံရမယ့်အရေးနဲ့ စပ်လျဉ်းပြီး စိုးရိမ်လျက်ရှိတယ်လို့ သိရပါတယ်။

**နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်**

မန်စီးတီးအသင်းက အသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားတဲ့ ဂျက်ဂရီယယ်လစ်ရှ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ပရီမီယာလိဂ်ပွဲစဉ်မှာ အိမ်ကွင်းအီတီဟက်ဒက်၌ ဘရန်းဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မှာ လူစားဝင်ကစားသမားအဖြစ်ပင် ပါဝင်ခွင့်မရရှိခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ ဂျက်ဂရီယယ်လစ်ရှ်ဟာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့အတွက် မန်စီးတီးအသင်းရဲ့ စူပါစတားတွေဖြစ်တဲ့ ဟာလန်း၊ ဒီဘရိုင်းတို့သာမကဘဲ ဖီးလ်ဖိုဒန်၊ ဘာနာဒိုဆေးလ်ဗားနဲ့ ဂန်ဒိုဂန်တို့ရဲ့ နောက်မှာပင်ရှိနေခဲ့တဲ့ ကစားသမားလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ၂၀၂၁ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဂျက်ဂရီယယ်လစ်ရှ်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ နဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအတွင်းမှာ မန်စီးတီးအသင်းရဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၄ ပွဲမှာ အသင်းနဲ့အတူ ပွဲစဉ်ခြောက်ပွဲသာ ကနဦးပွဲထွက်ကစားခွင့်ရရှိခဲ့သူလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ကမ္ဘာ့ရေးရာ အမှတ်(၁၆) GLOBAL AFFAIRS (အောက်တိုဘာ၊ ၂၀၂၂) ထွက်ပြီ




၂၀၂၂ အောက်တိုဘာလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်– ၁၆ တွင်

- အိန္ဒိယအတွက် ပလက်ဖောင်းတစ်ခုဖြစ်လာနေသည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)
- အရှေ့ဖျားစီးပွားရေးဖိုရမ်နှင့် ဗဟုကမ္ဘာသို့ ဦးတည်ရာလမ်း
- အနာဂတ်ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းသစ်များ
- ရုရှား၏ နောက်ထပ်ခြေတစ်လှမ်း
- လူကြိုက်များခေတ်စားလာနေသည့် လျှပ်စစ်ကားများနှင့် အနာဂတ်အလားအလာ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(လက်ကားဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့.
ဖုန်း–၀၁–၈၃၈၇၅၆၈

## ဆံတော်ရှင် ဆူးလေစေတီတော်

ရွှေထီးတော်၊ စေတီတော်လုံးတော်ပြည့်နှင့် အရံစေတီတော်များ ရွှေစင် ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးတွင်

**ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ**

ရန်ကုန်မြို့ ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် အရံစေတီတော်များကို ရွှေစင် ရွှေပြား၊ မျက်ပါး ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းလုပ်ငန်းအား ၁၃၈၄ – ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင် ကုသိုလ်တော်ရှင်များသည်မိမိ သဒ္ဓါတတ်အားရှိသရွေ့ကြုံတောင့်ကြုံခဲရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကြီးတွင် ပါဝင်လှူဒါန်းနိုင် ပါကြောင်းနှင့် လှူဒါန်းလိုပါက စေတီတော်ဂေါပကအဖွဲ့. ဖုန်း – ၀၁ – ၈၃၇၁၀၀၇၊ ၈၃၇၁၀၀၉၊ ၈၃၇၁၅၆၁၊ ၈၃၇၁၅၆၂၊ ၈၃၇၁၅၆၃၊ ၀၉ – ၉၇၅၃၂၃၉၂၀၊ ၀၉ – ၄၅၀၀၁၂၉၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့.

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကင်းမြို့နယ် ၊ ကန်ဘဲ့ရပ်ကွက် ၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ်–(၁၉/အေ)ပေါ်တွင်ဆောက်လုပ်ထားသည့် Green Inya Condominium၊ Level - ( 6 )၊ အခန်းအမှတ် (6-B) (602) ၊အကျယ်အဝန်း( Gross Area - ၁၅၄၈ )စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်စန်းစန်းမိုးရှိန်( ၁၂ /ရကန(နိုင်)၀၀၈၁၁၃ )မှ တရားဝင်လက်ဝယ် ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေး ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍( ၁၄ )ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|
| ဒေါ်အင်ကြင်းမိုမို | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.B.L) | (LL.B,D.B.L,D.M.L,D.I.L)(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) |
| (စဉ် ၄၆၅၄၉) | WIPO,DL.101Switzerland | DL-101(WIPO)Geneva |

ယုန်မိသားစုအိမ်၊ခြံ၊မြေအကျိုးဆောင်ကုမ္ပဏီ
☎ -09799991090, 09799991095, 09775560071, 09775560072
တိုက်အမှတ်(၃၈)၊အခန်းအမှတ်(၃၀၁)၊၃လွှာ၊မိုးကောင်းလမ်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်ခရိုင်၊သန်လျင်မြို့နယ်၊အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်–၁၅၁၂၊ ဧရိယာ(၀.၀၅၅)ဧက၊ ပေ(အလျား ၄၀ xအနံ ၆၀)ရှိ ဦးနွယ်ဝင်း/ဒေါ်အေးနိုင်(ဒေါ်အေးနိုင်)[၁၂/သလန(နိုင်)၀၃၉၅၀၁] အမည်ပေါက် မြေချပါမစ်)ရရှိထားသည့်မြေကွက်အား ဦးသိန်းမြင့်[၁၂/ပဘတ (နိုင်)၀၂၇၂၅၆]က လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သီရိမော်[၁၂/တမန(နိုင်)၁၀၉၇၄၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၈–၁၁–၂၀၂၂)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းဝေအောင်(LL.B, D.B.L, D.M.L)**
**DL 101, WIPO(Switzerland), D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၉၃၈)**
**အမှတ်–၈၃၊ အခန်း–၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၃၁၃၀၉၊ ၀၉–၇၉၉၄၅၂၄၃၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊(၅)တိုးချဲ့ ရပ်ကွက်၊ သုဓမ္မာလမ်း၊ သီရိရတနာလက်လီလက်ကားဈေး၊ ရုံအမှတ်(O)၊ဆိုင်ခန်းအမှတ်(၃၁)၊အကျယ်အဝန်း(၁၄'×၄၅')ရှိ R/Cနှစ်ထပ်ဆိုင်ခန်းအပါအဝင် ယင်းဆိုင်ခန်းနှင့်ပတ်သက် သောအကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့် ရှိသူ ဒေါ်စုစုခင်(၉/မနမ(နိုင်)၀၅၀၄၃၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်း များနှင့်တကွကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက် မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ် သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ် – ၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(G-1)၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၅၁၈၆၀၄၅။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ Tower(A)၊ (၈)ထပ်၊ အခန်းအမှတ်(A–၈၁၂)၊ (ယခင် တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၆)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)ရှိ တိုက်ခန်းတစ်ခန်းနှင့် ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များကို ဝယ်ယူရန် ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ခင်စန်းရီ အမည်ဖြင့် မှတ်သားတည်ရှိ၍ ယခုရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်နုနုမြင့်(ကွယ်လွန်သူ–ဒေါ်ခင်စန်းရီ၏ညီမ) [၁၂/မရက (နိုင်)၀၆၀၂၂၆]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B** | **ဒေါ်အိဖြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၇၅)** |

**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၃၅၉၆၃၊ ၀၉–၇၉၀၁၂၄၈၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့ ၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆ဘီဘီ၁)၊ မြေကွက်အမှတ်–V–၆၅ ၊ ဧရိယာ(၂၅ x ၅၀)ပေ၊ ဂရန်မြေကွက်ပေါ်ရှိ အမှတ် (၃၄)၊ ဦးရွှေစိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်ဟုခေါ်တွင်သော (၆)ထပ်တိုက်(ရင်ခွဲ)၏ ၄လွှာ(ခြေရင်းခန်း) (၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းကို မြေရှင် ဦးရဲထွဋ်နှင့် အကျိုးတူဆောက်လုပ်သူ ဦးကျော်သိန်း[၁၂/ပဘတ(နိုင်)၀၂၄၈၆၉]ထံမှ (၁၄–၈–၁၁)နေ့တွင် ငွေအပြေအကျေ ပေးချေ၍ ဦးစိုင်းဟိန်းလတ်သန်းနှင့် ဒေါ်အေး သွယ်ကျော့တို့က ဝယ်ယူခဲ့ပြီး ဦးစိုင်းဟိန်းလတ်သန်း +၁ ထံမှ ဒေါ်သောင်းရီက (၁၆–၂–၁၃)နေ့တွင် ဝယ်ယူခဲ့ပါသည်။ ဒေါ်သောင်းရီသည် (၂၀–၃–၁၅)ရက်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးအောင်ရွှေနှင့် သားသမီးများက တရားဝင် ပိုင်ဆိုင်ကြောင်းနှင့်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသဖြင့် ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၅)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်အေး B.A (Law), LL.B.,(စဉ် – ၂၄၀၃/ ၈၃)**
**တရားလွှတ်တော်ရှေ့နေ (၃၁.၁၀.၈၃)၊ ၀၉–၇၉၉၆၄၀၇၅၇**
**အမှတ် (၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**အမှတ် (၉၄/၇၂)၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၆)၊ မောရဝတီလမ်း၊ မြေကွက်အမှတ် ၇၄(က)၊ မြေအကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးအုန်းမောင်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ကို အရပ် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းတင့် [၁၂/မဂတ(နိုင်)၀၀၄၆၃၂]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင် ငြိမ်းချမ်းဌေး[၁၂/ဥကမ(နိုင်)၁၇၇၅၃၉]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် (၁၆–၁၁–၂၀၂၂)ရက်စွဲပါ အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေစင်မင်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၇၃၉၄)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ တံတားချောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်– ၂၁၆/က၊ ကွင်းအကွက်အမည်–ဆိပ်ကြီး ဦးပိုင်လုပ်ကွက်အမှတ်–၂၁/၇၊ ဧရိယာ(၅.၉၅)ဧကရှိ လယ်မြေအမျိုးအစား မြေကွက်နှင့် ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒလမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ မြေစာရင်းမှတ်တမ်းတွင်ခွင့်ပြုသည့်စာအမှတ်–၁/၂၀၂၁(၂၄–၁–၂၀၂၁)အရ ဦးမာကျူဆင်း[၉/မမန(နိုင်)၀၈၆၉၁၇] အမည်ဖြင့်မှတ်သားတည်ရှိပြီး အဆိုပါလယ်မြေကွက်ကြီး၏ တရားဝင်မခွဲမစိတ်ရသေးသည့်ဧရိယာ (၃.၀)ဧကခန့်အား ဦးမာကျူဆင်းမှ မိမိပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်း ရှင်းကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့် အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်း အဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုသဲမေ(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၀၇)**
**ဖုန်း–၀၉–၄၂၀၀၇၀၄၉၊ ၀၉–၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ–၂)၊ မြေကွက်အမှတ်(၁၀၁၆/က)နှင့် (၁၀၁၅/ခ)၊ အောင်ဘောဂလမ်း ၊ (၇) ရပ်ကွက်ရှိ မြေကွက်နှစ်ကွက်အား တစ်ကွက်လျှင် မြေအကျယ် အဝန်း(၂၀x၆၀)ပေစီ ရှိသော နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မြမြသိန်း[ISN–555495]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီးအဆိုပါ မြေကွက်များအား အရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နုနုဆွေ [၁၀/ဘလန(နိုင်)၀၄၂၀၆၁]ကိုင်ဆောင်သူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကား ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စွာဦးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နုနုခိုင် (LL.B,D.B.L.,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၂၄/၂၀၁၇)**
**အမှတ်–၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၀၁၅၃၇၉၆၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂) ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၅၁၂)ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ (အလျား ၂၀x အနံ ၆၀)ရှိ (အမှတ်–၅၁၃ နှင့်ကပ်လျက်အခြမ်း)ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံး(မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးတင်ထွန်း[၁၂/ကမရ(နိုင်) ၀၄၃၈၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက် အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအေး(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၀၇)**
**အမှတ်–၁၆၇၊ ဈေး(၉)လမ်း၊ ည/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၀၆၉၄၊ ၀၉–၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(1–B)၊ မြစိမ်းရောင် လမ်း၊ မြေကွက်အမှတ်(၂၀၁)၊ မြေအကျယ်အဝန်း ဧရိယာ(၀.၂၂၀)ဧကရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးရွှေကြိုင် [၁၂/ဒဂန(နိုင်)၀၂၆၇၆၀] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဒင်ဒယာပလ်[၇/ဖမန(နိုင်)၁၃၃၀၃၄]သည် နှစ်ဦး သဘောတူအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း နှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/မြဝတီ)၊ ဦးပိုင်အမှတ်(၁၉၉^ခ)၊ ဧရိယာ(၀.၂၁၈)ဧကရှိ မြို့နယ်ဥပဒေ အရာရှိ၊ မြို့နယ်ဥပဒေရုံး၊ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မူရင်းမှာ ပျက်စီးသွားပါသဖြင့် မြေငှားစာချုပ် မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် ဒေါ်စန္ဒီဦး၊ မြို့နယ်ဥပဒေအရာရှိမှ မြေငှားစာချုပ်၊ ဥပဒေရေးရာဝန်ကြီး ဌာန၊ စီမံရေးရာဦးစီးဌာနမှ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦး ရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက် မူရင်းများ တင်ပြ လျှောက်ထားလာရာ ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ ဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁)လအတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အသိပေးကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ညွန့်ညွန့်**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၁၃၁) Golden Oak Condo(2)၊ 3-Cနေ ဒေါ်ဆန်းဆန်း၏မိခင်သည် ၁၈-၁၁-၂၀၂၂ (သောကြာနေ့)နံနက် ၁:၃၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ရောကျောက်စိမ်းကုမ္ပဏီ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ကိုမင်းရဲစိုး**
**အသက် (၃၂)နှစ်**

ဦးမြင့်ဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန) - ဒေါ်စန်းမြင့်တို့၏သားဖြစ်သူ ကိုမင်းရဲစိုးသည် ၁၈-၁၁-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၁၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ကိုမင်းရဲစိုး**
**အသက် (၃၂)နှစ်**

ဦးမြင့်ဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန) - ဒေါ်စန်းမြင့်တို့၏သားဖြစ်သူ ကိုမင်းရဲစိုးသည် ၁၈-၁၁-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၁၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဦးမောင်မောင်ဦးနှင့် မိသားစု**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ညွန့်ညွန့်**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၁၃၁) Golden Oak Condo (2)၊ 3-C နေ (ဦးဘစောခင်-ဒေါ်ခင်ခင်)တို့၏ သမီး၊ (ဦးထွန်းရွှေ)၏ဇနီး၊ (ဦးအောင်မြင့်)၊ (ဦးထွန်းထွန်း-ဒေါ်စုစု)၊ (ဦးတင်ဝင်း)-ဒေါ်မို့မို့၊ (ဦးတင်မြင့်)-ဒေါ်ချိုချို၊ (ဦးလှမြင့်)-ဒေါ်မိုးသီတာ၊ ဦးအောင်မော်လွင်-ဒေါ်မြင့်မြင့် သန်း၊ ဦးတင်မောင်ထွန်း-ဒေါ်ထားထား၊ ဒေါ်ဆန်းဆန်း၊ ဦးဝင်းမြင့်၊ ဒေါ်ဝါဝါလွင်၊ ဦးဝင်းလှိုင်ဦး-ဒေါ်စိုးစိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ် ကိုး ယောက်တို့၏အဘွား ဒေါ်ညွန့်ညွန့်သည် ၁၈-၁၁-၂၀၂၂(သောကြာနေ့) နံနက် ၁:၃၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးမြင့်သန်း [B.A (Geo)]**
**ကြည်း-၁၃၃၀၆၊ တေဇ (၂)**
**ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၇၀)**

မန္တလေးမြို့နေ (ဦးထင်ကျော်-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၄)၊ အင်းယားရိပ်သာလမ်း၊ (၁၀)-ရပ်ကွက်နေ ဒေါ်နုစံဦး၏ ခင်ပွန်း၊ ဦးတေဇ မြင့်သန်း၊ ဦးဖြိုးအောင်ဝင်း-ဒေါ်အေးဖြူစံမြင့်သန်း၊ ဦးဇေယျာမြင့်သန်း -ဒေါ်မြင့်သီရိကျော် တို့၏ ဖခင်၊ မောင်လင်းထွဋ်တေဇ၊ မောင်ခန့်ဘုန်းစံ၊ မောင်ရှိုင်းမြင့်မိုရ်မင်းတို့၏ အဘိုး ဦးမြင့်သန်းသည် ၁၉-၁၁-၂၀၂၂(စနေနေ့) နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ် ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးမြသန်း(ပဲခူး)**
**အ.ထ.က(၃) ပဲခူးကျောင်းသားဟောင်း**
**ဘူမိဗေဒအရာရှိကြီး(ငြိမ်း)**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက်(၈၈)နှစ်**

ပဲခူးမြို့နေ (ဦးဘရှင်-ဒေါ်ကြွေ)တို့၏သား၊ (ဦးခင်စိုး)၊ (ဦးခင်အောင်)၊ (ဒေါ်အုံးကြည်)တို့၏ ညီ/မောင်၊ (ဦးမြတ်သိန်း)၊ (ဒေါ်သန်းစိန်)တို့၏အစ်ကို၊ ဒေါ်သန်းသန်းအေး[အ.လ.ပြ-ငြိမ်း၊ အ.ထ.က(၄)အလုံ]၏ခင်ပွန်း၊ ဒေါ်မြသက်ထား၊ ဒေါ်မြကေသွယ်၊ ဦးထွန်းနေအောင်-ဒေါ်မြဟေမာ၊ ဦးမြထွတ်ခေါင်တို့၏ဖခင်၊ မသူ့ထက်လျှံ၊ မကြည်စင်သန့်၊ မောင်မြတ်ဟိန်းကျော်၊ မောင်ခိုင်မင်းသန့်တို့၏အဘိုးသည် ၁၈-၁၁-၂၀၂၂ (သောကြာနေ့) နံနက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအတိုင်း ယင်းနေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၁-၂၀၂၂ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးသိန်းထွန်း(မင်းဘူး)**
**အသက်(၈၅)နှစ်**

မင်းဘူးမြို့နေ (ဦးဦးခိုင်-ဒေါ်ကြည်)တို့၏သား၊ (ဦးလှတင်-ဒေါ်မရှိန်)တို့၏သားသမက်၊ မေတ္တာညွန့်၊ နိဗ္ဗာန်လမ်းနေ ဒေါ်စမ်းမြ ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်စန်းမောင်-ဒေါ်ခိုင်ဥမ္မာထွန်း၊ ဦးအောင်ပြည့်ဖြိုး-ဒေါ်ခင်မြင့်မော်၊ ဦးနန္ဒကျော်ကျော်-ဒေါ်ခိုင် နီလာထွန်း၊ ဦးအောင်ခိုင်ထွန်းတို့၏ ချစ်လှစွာသောဖခင်၊ ဦးဖြိုးလှိုင်ဝင်း-ဒေါ်ဟန်သန့်သင်း၊ မောင်ပြည့်စုံကောင်းသန့်၊ မောင်ဇေယျာထက်-မအေးသဥ္ဇာကျော်၊ မသင်းသက်ဟန်၊ မအေး မြတ်သီရိစုတို့၏ ချစ်လှစွာသောအဘိုး၊ မောင်ဖြိုးသန့်သူရိန်ဝင်း၏ ချစ်လှစွာသော ဘိုးဘိုး ဦးသိန်းထွန်းသည် ၁၈-၁၁-၂၀၂၂ရက် ညနေ ၅:၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

တေဇ(၂၃)မှ သူငယ်ချင်း စိုးခိုင်၏ မိခင်ကြီး ဒေါ်သန်းရီ အသက်(၈၇)နှစ်သည် ၁၉-၁၁-၂၀၂၂ ရက် နံနက် ၉:၁၁ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၃)မှ**
**ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများ**

---

**ဒေါ်မရှင်**
**အသက် (၉၅)နှစ်**

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်၊ မေယုလမ်းနေ (ဦးနီထွန်းဦး)၏ဇနီး၊ ဒေါ်ဦးစောခင်(ယုဇနပလာဇာ) - (ဦးတင်ဝင်းချစ်)၊ (ဦးမောင်သာထွန်း(ခ)ဖိုးသာအောင်)-ဒေါ်ခင်အေးဓံ၊ ဒေါ်နုနုထွန်း၊ ဒေါ်လတ်လတ်ခိုင် - ဦးသန်းတင်၊ ဒေါက်တာလတ်လတ်ထွန်း - ဒေါက်တာသိန်းစောထွန်း (ထွန်းဆေးရုံ၊ စစ်တွေ)၊ ဒေါ်မေရီညွန့်၊ ဦးမောင်မောင်သန်း-ဒေါ်မသာဖြူ၊ ဒေါ်နီနီအေး - (ဦးဘသိန်း)၊ ဦးကျော်လင်းထွန်း(ဂျော်နီ) - ဒေါ်ကေသီထွန်း၊ ဦးကျော်စိန်ထွန်း(ဂျော်လီ)၊ ဦးကျော်လှိုင်ထွန်း - ဒေါ်စန္ဒာမိုး တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး (၁၅) ယောက်တို့၏ အဘောင်ရှင်သည် ၁၉-၁၁-၂၀၂၂ ရက်၊ ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၂၂ ရက်၊ မွန်းလွဲ ၁:၀၀ နာရီတွင် အာကျိပ်တော်ကုန်းသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ဦးခင်မောင်ဇော်**
**ပါမောက္ခချုပ်(ငြိမ်း)၊ သစ်တောတက္ကသိုလ်**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ အပိုင်း(၃)၊ နီလာနှင်းဆီလမ်း၊ ခြံအမှတ်(၅၁/B4)နေ (ဦးလှမောင်-ဒေါ်မြတင်)တို့၏သားကြီး၊ (ဦးအေးမောင်-ဒေါ်လှကြွယ်)တို့၏ သားသမက်၊ ဦးစံသူကျော်-ဒေါက်တာမေသီရိ၊ ဦးသူကျော်မိုး-မစွဲ့ဖွေး ဟန်၊ ဦးကျော်မိုးဟိန်းတို့၏ ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးခင်မောင်ဇော်(ပါမောက္ခချုပ်-ငြိမ်း၊ သစ်တောတက္ကသိုလ်)သည် ၁၈-၁၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁၂:၀၅ နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၁၉-၁၁-၂၀၂၂ (စနေနေ့)တွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၁-၂၀၂၂(ကြာသပတေးနေ့)တွင် ရေစက်ချတရားနာယူ မည်ဖြစ်ပါသဖြင့် အမှတ်(၅၁/B4)၊ နီလာနှင်းဆီလမ်း၊ ရွှေပင်လုံအိမ်ရာ အပိုင်း(၃)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ နံနက် ၈ နာရီ တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် မိတ်ဆွေ၊ သင်္ဂဟများအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ညွန့်ညွန့်**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၁၃၁) Golden Oak Condo(2)၊ 3-Cနေ ဒေါ်ဆန်းဆန်း၏မိခင်သည် ၁၈-၁၁-၂၀၂၂ (သောကြာနေ့)နံနက် ၁:၃၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဖွံ့ဖြိုးခနကုမ္ပဏီ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ညွန့်ညွန့်**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၁၃၁) Golden Oak Condo(2)၊ 3-Cနေ ဒေါ်ဆန်းဆန်း၏မိခင်သည် ၁၈-၁၁-၂၀၂၂ (သောကြာနေ့)နံနက် ၁:၃၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မက်စ်မြန်မာကုမ္ပဏီ**

---

**အပြင်ထွက်တိုင်း**

**ပါးစပ်နှင့် နှာခေါင်းစည်း (MASK) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်...**

❖ **ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်...**

❖ **ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၁၈၂၀ ရှိသော နယ်မြေကို **“ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၆၃/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈) ရက်(၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။ **စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✳**



### ယနေ့ ဖတ်စရာ


**ကမ္ဘာပေါ်၌ အားအပြင်းဆုံး မဟာဗျူဟာမြောက် လက်နက်ဖြစ်သည့် တိုက်ချင်းပစ်ဒုံးကျည်အသစ် Hwasong-17 ကို မြောက်ကိုရီးယားနိုင်ငံ အောင်မြင်စွာ ပစ်လွှတ်**
စာမျက်နှာ » ၁၃

**ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ “သစ္စာ”ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင်လုယက်မှု ကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိ**
စာမျက်နှာ » ၁၅

**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer စားပြတိုက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ**
စာမျက်နှာ » ၁၆


## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် Young Lionesses အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) ပထမနေ့ကို နိုဝင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းနှင့် Young Lionesses အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက အား/ကာဦးစီးဌာနအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် လက်ကျန်ပွဲများကို အာရုံစိုက်ကစားနေပြီး ဂိုးပြတ်အနိုင်ယူခဲ့သည်။ **စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍**

## ONE 163 ပြိုင်ပွဲတွင် အိုကာမီကို ပထမအချီမှာပင် အောင်လအန်ဆန်အနိုင်ယူ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ONE 163 ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်က စင်ကာပူနိုင်ငံ၌ကျင်းပရာ မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်က ဂျပန်နိုင်ငံသား အိုကာမီကို ပထမအချီမှာပင် အနိုင်ရရှိခဲ့သည်။

**ပြန်လည်တုံ့ပြန်ခဲ့**

အောင်လအန်ဆန်သည် ပထမအချီအစမှာပင် အနိုင်ရခဲ့ခြင်းဖြစ်ပြီး အိုကာမီ၏ ချုပ်ကွက်ကို ရှောင်ထွက်ကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ခြေကန်ချက်ဖြင့် စတင်ထိုးသတ်ခဲ့ပြီး အိုကာမီက ချုပ်ကွက်ဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။ အိုကာမီသည် ချုပ်ကွက်ဖြင့် ပွဲသိမ်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်လအန်ဆန်က ရုန်းထွက်နိုင်ခဲ့သည်။ **စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖**



အောင်လအန်ဆန်နှင့် အိုကာမီတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။